# ကြေးမုံ

**The Mirror**

၁၃၇၀ ပြည့်နှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၈ ရက်၊ ဗုဒ္ဓဟူးနေ့၊ **(22-10-2008)** (၅၈၃၉)


**နိုင်ငံရေး ဦးတည်ချက် (၄)ရပ်**

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်း သာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက် (၄)ရပ်**

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေး ဦးတည်ချက် (၄)ရပ်**

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း အိန္ဒိယ(ကြည်း)တပ်မှ အရှေ့ပိုင်းတိုင်း တိုင်းမှူး (General Officer Commanding-in-Chief, Eastern Command) Lt. Gen. VK Singh, AVSM, YSM အား နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။**

(သတင်းစဉ်)

# နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း အိန္ဒိယ(ကြည်း)တပ်မှ အရှေ့ပိုင်းတိုင်း တိုင်းမှူးနှင့် အဖွဲ့ဝင်များအား လက်ခံတွေ့ဆုံ



နေပြည်တော် အောက်တိုဘာ ၂၁

**ပြည်ထောင်စု မြန်မာနိုင်ငံတော် - နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းသည် ပြည်ထောင်စု မြန်မာနိုင်ငံတော်၌ ရောက်ရှိနေသည့် အိန္ဒိယ(ကြည်း)တပ်မှ အရှေ့ပိုင်းတိုင်း တိုင်းမှူး (General Officer Commanding-in-Chief, Eastern Command) Lt. Gen. VK Singh, AVSM, YSM နှင့် အဖွဲ့ဝင်များအား ယနေ့နံနက် ၁၁ နာရီခွဲတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံသည်။**

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့်အတူ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အုန်းမြင့်၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ စစ်ဦးစီးအရာရှိချုပ်(လေ) ဗိုလ်ချုပ်ခင်အောင်မြင့်နှင့် တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး အိန္ဒိယ(ကြည်း) တပ်မှ အရှေ့ပိုင်းတိုင်း တိုင်းမှူးနှင့် အဖွဲ့ဝင်များနှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသံမှူးတနိုင်ငံ စစ်သံမှူး Colonel, Manoj Mukund Naravane တို့ တက်ရောက်ကြသည်။ (သတင်းစဉ်)

သတင်းဆောင်းပါး - ဇော်ဝင်း(ကြေးမုံ)၊ သတင်းဓာတ်ပုံ - ခင်မောင်ဝင်း(ကြေးမုံ)

**ယနေ့ကာလတွင် နိုင်ငံတော်တစ်ဝန်းလုံး၌ ဘက်စုံဖွံ့ဖြိုးရေးကဏ္ဍများကို အရှိန်အဟုန်မြင့် တည်ဆောက်အကောင်အထည်ဖော်လျက် ရှိနေသည်။ ပြည်နယ်နှင့်တိုင်း အသီးသီးတွင်လည်း လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး စသော ကဏ္ဍအသီးသီးတွင် ဖြစ်ပေါ်တိုးတက်မှုအသစ်များ ဆင့်ကဲဆင့်ကဲ ပေါ်ထွက်လာလျက်ရှိနေသည်။**

ယင်းဖြစ်ပေါ်တိုးတက်မှုများကို သတင်းမှတ်တမ်းတင်နိုင်ရေးအတွက် ကြေးမုံသတင်းအဖွဲ့သည် အောက်တိုဘာ ၁၉ ရက် နံနက်ပိုင်းတွင် မုံရွာခရိုင်၏ အနောက်ဘက်ခြမ်းဒေသများဆီသို့ ထွက်ခွာခဲ့ရာ မုံရွာ-ယားကြီး-ကလေးဝ လမ်းပိုင်းပေါ်ရှိ ချင်းတွင်းမြစ်ကူးတံတား(မုံရွာ)သို့ ရောက်ရှိခဲ့သည်။

ပြေပြစ်သော တံတားချဉ်းကပ်လမ်း၏ အကွေ့အဝိုက်ကို လွန်သည်နှင့် ခံ့ထည်သော ချင်းတွင်းမြစ်ကူးတံတား(မုံရွာ)ကို တွေ့လိုက်ရသည်။

ချင်းတွင်းမြစ်ကူးတံတား(မုံရွာ)ကို ၂၀၀၀ ပြည့်နှစ် ဒီဇင်ဘာ ၉ ရက်တွင် စတင် ပန္နက်တင်တည်ဆောက်ခဲ့ပြီး ၂၀၀၃ ခုနှစ် ဧပြီလ ၇ ရက်နေ့တွင် တည်ဆောက်ပြီးစီးခဲ့သည်။

ချင်းတွင်းမြစ်ကူးတံတား(မုံရွာ) မတည်ဆောက်နိုင်မီက စစ်ကိုင်းတိုင်းမှ ချင်းပြည်နယ်သို့ ဝင်ပေါက်လမ်းတွင် ချင်းတွင်းမြစ်ကြီးမှာ သဘာဝအဆီးအတားတစ်ခု ဖြစ်ခဲ့သည်။ မုံရွာမှ ကလေးဝသို့ ရေဦး-တန့်ဆည်-သက္ကယ်ကျင်းလမ်းသည် မိုင် ၁၆၀ ရှိသည်။ ကိုင်းရွာဇက်ဆိပ်မှ မော်တော်ယာဉ်များ ချင်းတွင်းမြစ် အနောက်ခြမ်းသို့ **စာမျက်နှာ ၃ ကော်လံ ၁ သို့** ❖



# ရေမခြား မြေမခြား ချင်းတွင်းတံတား(မုံရွာ)

ကြေးမုံ The Mirror
၂၂-၁၀-၂၀၀၈
(ဗုဒ္ဓဟူးနေ့)

## မြန်မာ့ခရီးသွားလုပ်ငန်း မြှင့်တင်ကြိုးပမ်း

ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းသည် နိုင်ငံတကာတွင် အောင်မြင်မှုရရှိနေသော စီးပွားရေးလုပ်ငန်းတစ်ခု ဖြစ်သည်။ ဒေသအနှံ့အပြား၌ ခရီးသွားလုပ်ငန်းများ တိုးတက်မြင့်မားလာပြီး ကျယ်ကျယ်ပြန့်ပြန့် လုပ်ကိုင်နေကြသည်။ ဒေသတွင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမှု၊ ခရီးသွားလာရေး လွယ်ကူအဆင်ပြေမှုနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်မှုတို့သည်လည်း ခရီးသွားလုပ်ငန်းများ ကျယ်ပြန့်လာရခြင်းတွင် အရေးပါသောအချက်များ ဖြစ်သည်။

ကမ္ဘာလှည့်ခရီးသည် အများစုသည် ရှေးဟောင်းယဉ်ကျေးမှုနယ်မြေများရှိ အနုပညာမြောက်လက်ရာများ၊ အဆောက်အအုံများနှင့် ရှေးဟောင်းပစ္စည်းများကို စိတ်ပါဝင်စားစွာ လေ့လာကြသည်။ ထို့အပြင် သဘာဝတောတောင် ပင်လယ်ရှုခင်း မြင်ကွင်းများ၊ သားငှက်တောရိုင်း တိရစ္ဆာန်များတည်ရှိရာ သဘာဝအခြေခံဒေသများ၊ တိုင်းရင်းသားရိုးရာ နှစ်သစ်ကူးပွဲတော်များနှင့် ရိုးရာဓလေ့စရိုက်များကိုလည်း နှစ်သက်စွာ ကြည့်ရှုလေ့လာတတ်ကြသည်။

မြန်မာနိုင်ငံတွင် ရှေးဟောင်းယဉ်ကျေးမှုနယ်မြေများ၊ ရှေးဟောင်းအဆောက်အအုံများ၊ အနုပညာလက်ရာများ တည်ရှိသည်။ သဘာဝအတိုင်း ဖြစ်တည်နေသည့် ရေမြေတောတောင် သဘာဝထိန်းသိမ်းရေးနယ်မြေ၊ ဆီးနှင်းခဲသော တောင်တန်း၊ ပင်လယ်ကမ်းခြေစသည့် ရှုခင်းအလှအပ မြင်ကွင်းအဖုံဖုံတို့ကိုလည်း ရှုမြင်ခံစားနိုင်သည်။

ယင်းသို့ ရှုမောဖွယ်ရာသာယာလှပမှုများ ပြည့်စုံနေသည့် မြန်မာ့ခရီးစဉ်ဒေသများကို ကမ္ဘာလှည့်ခရီးသည်များ ပိုမိုသိရှိ စိတ်ဝင်စားလာစေရန် ခရီးသွားဈေးကွက် မြှင့်တင်နိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်သည်။

ယခုအချိန်သည် မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းရာသီဖြစ်ရာ ကမ္ဘာလှည့်ခရီးသည်များ စတင်လာရောက် လည်ပတ်လျက်ရှိသည်။ ခရီးသည်များ အများဆုံးသွားရောက်ရာ ပုဂံဒေသသို့သာမက မန္တလေးဒေသ၊ အင်းလေးဒေသ၊ သဘာဝဥယျာဉ်များနှင့် တိုင်းရင်းသားရိုးရာ နှစ်သစ်ကူးပွဲတော်များကျင်းပရာ ဒေသတို့သို့ ကမ္ဘာလှည့်ခရီးသည်များ သွားလာတည်းခိုနိုင်ရေး၊ နိုင်ငံတကာအဆင့်မီဝန်ဆောင်မှုနှင့် ပို့ဆောင်မှုလုပ်ငန်းများ သွက်လက်ကောင်းမွန်စေရေး ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

ခရီးသွားလုပ်ငန်းမြှင့်တင်ရေးဆိုင်ရာ တာဝန်ရှိသူများနှင့် လုပ်ငန်းရှင်များအားလုံးက ကမ္ဘာလှည့်ခရီးသည်များ စိတ်ချမ်းမြေ့စွာ ဆက်သွယ်သွားလာတည်းခိုနိုင်ရေး၊ ခရီးသွားဝန်ဆောင်မှုပိုင်းဆိုင်ရာများ အဆင့်မြင့်ပြည့်စုံစေရေး ကြိုးပမ်းဖြည့်ဆည်း ဆောင်ရွက်ကြခြင်းဖြင့် မြန်မာ့ခရီးသွားလုပ်ငန်းမြှင့်တင်ရေး ဝိုင်းဝန်းကြိုးပမ်းကြရမည် ဖြစ်ပါသည်။ ။

**ပြည်သူ့သဘောထား**

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## ဝန်ကြီး ဦးအောင်သောင်း မန္တလေးတိုင်းအတွင်းရှိ စက်ရုံများကြည့်ရှုစစ်ဆေး

**ကြည့်ရှုစစ်ဆေး**

**အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း မြန်မာ့အထည်အလိပ်လုပ်ငန်း ပျော်ဘွယ်ချည်မျှင်စက်ရုံ စီမံကိန်းတွင် ကြည့်ရှုစစ်ဆေးစဉ်။** (စက်မှု-၁)

နေပြည်တော် အောက်တိုဘာ ၂၁

**အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် အောက်တိုဘာ ၁၉ ရက် နံနက် ၈ နာရီတွင် မန္တလေးတိုင်း ကျောက်ဆည်မြို့ရှိ မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း ကျောက်ပြားစက်ရုံခွဲ(၃)၌ စကျင်ကျောက်ပြားများ ထုတ်လုပ်မှု၊ ကျောက်ပြားခွဲစက်၊ ကျောက်ပြားအရောင်တင်ခြင်း၊ အရွယ်အစားအလိုက် ဖြတ်တောက်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး သိုလှောင်ရုံအတွင်းရှိ ထုတ်လုပ်ထားသော စကျင်ကျောက်ပြားများနှင့် ကျောက်ပွတ်လုံးတိုင်များ ထုတ်လုပ်မှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။**

ဆက်လက်၍ ဝန်ကြီးသည် မြန်မာ့အထည်အလိပ်လုပ်ငန်း မြစ်သားချည်မျှင်စက်ရုံ(စီမံကိန်း)၌ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

**ဝါဆွတ်ခူး**

ထိုမှတစ်ဆင့် ဝန်ကြီးသည် မြန်မာ့အထည်အလိပ်လုပ်ငန်း ဝမ်းတွင်းချည်မျှင်နှင့် အထည်စက်ရုံ၊ မြန်မာ့အထည်အလိပ်လုပ်ငန်း ပျော်ဘွယ်ချည်မျှင်စက်ရုံ စီမံကိန်းတို့ကို ကြည့်ရှုစစ်ဆေးပြီး ပျော်ဘွယ် ဝါစိုက်ပျိုးရေးစီမံကိန်း၏ မိုးစိုက်ဝါနှင့် မိုးနှောင်းဝါဧက ၃၀၀ ဖြစ်ထွန်းအောင်မြင်မှု အခြေအနေနှင့် စိုက်ခင်းမှ ထွက်ရှိသော ဝါဂွမ်းများကိုလည်းကောင်း၊ ဝါပင်များ ပေါင်းလိုက်နေမှုနှင့် ဝါဆွတ်ခူးမှု အခြေအနေတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



## သဘာဝဘေးကြိုတင်ပြင်ဆင်ရေးနှင့် ကြိုတင်ကာကွယ်ရေး(နည်းပြ)သင်တန်းအမှတ်စဉ်(၃/၂၀၀၈) ဖွင့်ပွဲကျင်းပ





**အမျိုးသား သဘာဝဘေး ကာကွယ် စောင့်ရှောက်ရေး ဗဟိုကော်မတီ အတွင်းရေးမှူး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် မောင်မောင်ဆွေ သဘာဝဘေး ကြိုတင်ပြင်ဆင်ရေးနှင့် ကြိုတင်ကာကွယ်ရေး (နည်းပြ) သင်တန်းဖွင့်ပွဲ တွင် အမှာစကား ပြောကြားစဉ်။**

(သတင်းစဉ်)

## အစားအသောက်များအန္တရာယ်ကင်းရှင်းရေး ညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂၁**

ပြည်သူအများ စားသုံးမည့် အစားအသောက်များ အန္တရာယ်ကင်းရှင်းရေး ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန အမျိုးသားကျန်းမာရေးကော်မတီ အစည်းအဝေးခန်းမ၌ ကျင်းပရာ သဘာပတိ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ပိုင်စိုး၊ ကျန်းမာရေးဝန်ကြီးဌာန အောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ အစားအသောက် ထုတ်လုပ်ရောင်းချ တင်သွင်းမှုနှင့် စပ်လျဉ်းသည့် နီးနွယ် ဝန်ကြီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင် ညွှန်ကြားရေးမှူးများ၊ ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော် စည်ပင်သာယာရေး ကော်မတီများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ရှေးဦးစွာ သဘာပတိ ကျန်းမာရေးဝန်ကြီးဌာနဒုတိယဝန်ကြီး ဒေါက်တာ ပိုင်စိုးက အမှာစကား ပြောကြားရာ၌ အစားအသောက်နှင့် စပ်လျဉ်း၍ ပြည်သူများ ဘေးအန္တရာယ်ကင်းသောအစားအသောက်များစားသုံးနိုင်ရေးအတွက် ဝန်ကြီးဌာနအသီးသီးမှ သက်ဆိုင်ရာ စမ်းသပ်စစ်ဆေးမှုများကို ဆောင်ရွက်လျက်ရှိကြောင်း၊ စားသောက်ကုန်ပစ္စည်းများ တင်သွင်းမှု၊ တင်ပို့မှု၊ ဖြန့်ဖြူးမှုအပိုင်းတွင်နိုင်ငံတကာအဆင့် GMP အဆင့်ပြည့်မီရန် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် ပြောကြားသည်။

ယင်းနောက် အစည်းအဝေးတက်ရောက်လာကြသည့် နီးနွယ်ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ၊ ပညာရှင်များက ဆွေးနွေးတင်ပြ အကြံပြုကြသည်။

ဆွေးနွေးတင်ပြ အကြံပြုချက်များအပေါ် ဒုတိယဝန်ကြီးက ညှိနှိုင်းပေါင်းစပ် ဆွေးနွေးမှာကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

**ရန်ကုန် အောက်တိုဘာ ၂၁**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနနှင့် ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့အစည်းများ၊ INGO၊ NGO တို့ ပူးပေါင်းဖွင့်လှစ်သည့် သဘာဝဘေး ကြိုတင်ပြင်ဆင်ရေးနှင့် ကြိုတင်ကာကွယ်ရေး (နည်းပြ) သင်တန်းအမှတ်စဉ် (၃/၂၀၀၈)ဖွင့်ပွဲကို ယမန်နေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ မီးသတ်ဦးစီးဌာန(ရုံးချုပ်)၌ကျင်းပရာ အမျိုးသား သဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီ အတွင်းရေးမှူး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ တက်ရောက်၍ သင်တန်းဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက်မင်္ဂလာမြန်မာဖောင်ဒေးရှင်းအဖွဲ့မှ ပါမောက္ခ ဒေါက်တာ အောင်ထွန်းသက်က သင်တန်းနှင့် စပ်လျဉ်းသည်များကို ရှင်းလင်းပြောကြားသည်။

**ရက်သတ္တနှစ်ပတ်ကြာမြင့်**

အဆိုပါသင်တန်းကို မုန်တိုင်းအတွေ့အကြုံကြောင့် ပြည်သူများအတွင်း ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများ၊ အသိပညာပေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရန်အတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေး ဝန်ကြီးဌာန၊ UNICEF , UNDP, UNFPA, UNOCHA နှင့် INGO အဖွဲ့အစည်းများဖြစ်ကြသော Malteser International, IMC, Mercy Corps, Action Aid, ACF, JICA၊ ပြည်တွင်း NGO များဖြစ်ကြသော မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၊ မင်္ဂလာမြန်မာ ဖောင်ဒေးရှင်းတို့ ပူးပေါင်းဖွင့်လှစ်ခြင်းဖြစ်ပြီး စုစုပေါင်း သင်တန်းသား ၄၀ တက်ရောက်ကာ သင်တန်းကာလမှာ ရက်သတ္တနှစ်ပတ် ကြာမြင့်မည်ဖြစ်သည်။

(သတင်းစဉ်)

❖ ရှေ့ဖုံးမှ

ခက်ခဲစွာ ကူးသန်းခဲ့ရသည်။ ကုန်စည် စီးဆင်းမှုနှင့် ခရီးသွားလာမှု ခက်ခဲခဲ့သည်။ ဒေသဖွံ့ဖြိုးမှု နှောင့်နှေးခဲ့ရသည်။

၂၀၀၀ ပြည့်နှစ် ဒီဇင်ဘာ ၉ရက်တွင် ချင်းတွင်းမြစ်ကူးတံတားကြီး စတင် တည်ဆောက်ပေးခဲ့သည်။ တံတားကြီး တည်ဆောက်ရသည့် ရည်ရွယ်ချက်ကို အကျဉ်းဖော်ပြရပါက စစ်ကိုင်းတိုင်းနှင့် ချင်းပြည်နယ် ဆက်သွယ်ပေးသည့်အပြင် အိန္ဒိယနိုင်ငံနယ်စပ်နှင့် ဆက်သွယ်ကုန်ကူးသန်းနိုင်သည့် အတိုဆုံး လမ်းပိုင်းကို ဖြစ်ပေါ်စေရေး ဖြစ်သည်။ တံတားတည်ဆောက်ပြီး ဖြစ်ပေါ်လာသည့် မုံရွာ-ယာကြီး-ကလေးလမ်းသည် ၁၁၅မိုင်သာရှိပြီး ယခင်လမ်းထက် ၄၅မိုင် ခရီးချုံ့နိုင်ပြီဖြစ်သည်။ အချိန်ကုန်၊ စရိတ်သက်သာလာမည်ဖြစ်သည့် နယ်စပ်ကုန်သွယ်ရေး တိုးတက်ဖြစ်ပေါ်စေမည့် ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ကြီးစွာ အထောက်အကူ ပြုမည်ဖြစ်သည်။

မုံရွာ - အလုံ - ယာကြီး - မြို့မကလေးဝ-ကလေး လမ်းမပေါ်ရှိ ချင်းတွင်းတံတား(မုံရွာ)သည် မုံရွာ ရေဦးကားလမ်း မိုင်တိုင်အမှတ် ၈၉/၆ အကျော် မင်းဒေါင့်ကုန်တင်ချဆိပ်ကမ်းအနီးတွင် တည်ရှိသည်။

တံတားအရှည် ၄၇၃၀ ဒသမ ၁၈ ပေရှိပြီး ယာဉ်သွားလမ်း အကျယ် ၂၈ပေနှင့် လူသွားလမ်း တစ်ဖက် ခြောက်ပေစီရှိပါသည်။ တံတားခံနိုင်



**အခုတော့ မြင်တဲ့အတိုင်းပေါ့၊ စက်ဘီးနဲ့မို့ ပိုမြန်၊ လူသက်သာ၊ ခရီးတွင်၊ အချိန်အခါမရွေး သွားလို့ရတော့ ကျေးဇူးပေါ့ဗျာ။**
*ဦးဌေးလွင် (ယင်းမာပင်မြို့နယ် စီလောင်းရွာမှ ထန်းလက်ကုလားထိုင် လာရောင်းသူ)*

ဝန် အလေးချိန်မှာ တန် ၆၀ ဖြစ်သည်။ ၂၀၀၃ ခုနှစ် ဧပြီ ၇ ရက်တွင် တည်ဆောက်ပြီးစီးခဲ့ပြီး စီမံကိန်း ကာလမှာ နှစ်နှစ်နှင့်လေးလဖြစ်သည်။

ကြေးမုံသတင်းအဖွဲ့သည် ချင်းတွင်းမြစ် အနောက်ဘက်ကမ်း ယင်းမာပင်မြို့နယ်ဘက်မှ မုံရွာမြို့သို့ ထန်းလက်ကုလားထိုင်များ လာရောင်းသည့် ရှစ်ဦးပါအဖွဲ့နှင့် တံတားကြီးပေါ်တွင် ဆုံမိသည်။ အားလုံး စက်ဘီးကိုယ်စီနှင့်ဖြစ်သည်။ စက်ဘီးများပေါ်တွင် ထန်းလက်ကုလားထိုင်များတင်လျက်။

ယင်းတို့ထဲမှ နှစ်ဦးနှင့် တွေ့ဆုံစကားပြောခဲ့သည်။ ကိုဌေးလွင် ဆိုသူက "ယင်းမာပင်မြို့နယ် စီလောင်းရွာက လာတာပါ၊ မြစ်အနောက်ဘက် ရှစ်မိုင်လောက် ဝေးပါတယ်၊ တံတားမရှိခင်တုန်းက ဟိုအောက်ဘက် ညောင်ပင်ကြီးဆိပ်က ဇက်နဲ့ကူးရတာပါ၊ ကုလားထိုင်သယ်တော့ ပခုံးထမ်းနဲ့ပေါ့၊ အခက်အခဲတွေ အများကြီးရှိခဲ့တယ်၊ ခရီးမတွင်ဘူး၊ နေ့ရောညပါ သွားလို့မရဘူး၊ အခုတော့ မြင်တဲ့အတိုင်းသာ စက်ဘီးနဲ့ ပိုမြန်၊ လူသက်သာ၊ ခရီးတွင်၊ အချိန်အခါမရွေး သွားလို့ရတော့ ကျေးဇူးပေါ့ဗျာ"ဟု ဆိုသည်။

ကိုဌေးလွင်နှင့်အတူ ပါလာသူ ကိုမျိုးကလည်း "လမ်းလျှောက်သွားလို့ရတာကိုက အဓိက အားသာချက်ပဲ၊ တစ်နေ့ ဘယ်နှခေါက်ကူးကူး အေးအေးဆေးဆေးပဲ၊ သိပ်ကောင်းတယ်၊ နိုင်ငံတော်ကို ကျေးဇူးတင်ပါတယ်" ဟု ပြောသည်။

သတင်းအဖွဲ့သည် တံတားကြီး၏ လမ်းတစ်ဖက်မှလာသော ကိုယ်ပိုင်ယာဉ်ငယ်တစ်စီးမှ ခရီးသွားကို တွေ့ဆုံရာတွင် "ကလေးက ပြန်လာတာပါ၊ ကျွန်တော့်အမည် ဦးစိုးသိန်းထွန်းပါ၊ ကုန်သည်ပေါ့ဗျာ၊ ဒီတံတားမရှိခင်က ကိုင်းရွာဘက်ဆိပ်က ကူးခဲ့ရတာ အကြိမ်များစွာပါ၊ ဒီတံတား



**ပတ်ဝန်းကျင် ဒေသတွေလည်း ဖွံ့ဖြိုး လာတာ အထင်အရှားပါ၊ အ ချိန် ကာ လ အားဖြင့် (၁၀) နှစ် မပြည့်သေး ပါဘူး။(၁၀)နှစ် ပြည့်ရင် ဒီ ထက် ပိုဖွံ့ဖြိုး လာမယ်ဆိုတာ မလွဲပါဘူး။**
*ဦးစိုးသိန်းထွန်း (ကုန်သည်)*

နဲ့ ဒီလမ်းက အချိန်ကို ချုံ့ပေးနိုင်တယ်၊ လုံခြုံစိတ်ချရတယ်၊ နေ့ညမရွေး သွားလာနိုင်တယ်၊ ခရီးတိုသွားတယ်၊ အကျိုးကျေးဇူး အထူးရှိပါတယ်၊ ပတ်ဝန်းကျင်ဒေသတွေလည်း ဖွံ့ဖြိုးလာတာ အထင်အရှားပါ၊ အချိန်ကာလအားဖြင့် ဆယ်နှစ် မပြည့်သေးပါဘူး၊ ဆယ်နှစ်ပြည့်ရင် ဒီ့ထက် ပိုဖွံ့ဖြိုးလာမယ်ဆိုတာ မလွဲပါဘူး" ဟု ဆိုသည်။

နံနက်ခင်း အလင်းရောင်အောက်တွင် ကူးသန်းသွားလာနေသည့် ဆိုင်ကယ်တွေက တသောသော ခရီးသည်တင်ယာဉ်များက ဆက်လျက်ဆက်လျက် တံတားပေါ်တွင် ဖြတ်သန်းနေကြသည်။ မန္တလေး- မုံရွာ-ပုလဲ၊ မန္တလေး - မုံရွာ - ဂန့်ဂေါ၊ မန္တလေး - မုံရွာ-ပုလဲ-ဆားလင်းကြီး၊ မန္တလေး-မုံရွာ-ကလေးဝ - ကလေး လိုင်းစုံ မှန်လုံကြီးငယ်အသွယ်သွယ်။

ကြေးမုံသတင်းအဖွဲ့ ထပ်မံတွေ့ဆုံရသည်က မန္တလေး-မုံရွာ-ပုလဲ-မင်းတိုင်ပင်သွား ယာဉ်နှစ်စီးမှ ယာဉ်မောင်းနှစ်ဦးဖြစ်သည်။ တစ်ဦးက ဒေါ်လာ ယာဉ်လိုင်းမှ ယာဉ်မောင်း ကိုကျော်ခိုင်ဖြစ်သည်။ "ယခု ယာဉ်လိုင်းတွင် မောင်းနှင်နေသည်မှာ သုံးနှစ်ရှိပြီဖြစ်ကြောင်း၊ တံတားကြီးကြောင့် အဆင်ပြေမှုများစွာ ရှိကြောင်း၊ ယခင်ကလည်း ချင်းတွင်းမြစ်ကိုနေရာအချို့မှ ဇက်ဖြင့်ဖြတ်ဖူးကြောင်း၊ အချိန်ပေးရကြောင်း၊ အန္တရာယ်များကြောင်း၊ ရာသီဥတု အခြေအနေအရ ဖြတ်မရသည့် အခါများ ရှိခဲ့ဖူးကြောင်း၊ ဤတံတားကိုဖြတ်ပြီးလျှင် ယင်းမာပင်မှ မြောက်ယမားတံတားကို ထပ်မံ ဖြတ်သန်းရဦးမည် ဖြစ်ကြောင်းဖြင့် ပြောကာ နှုတ်ဆက်ထွက်ခွာသွားသည်။

နောက်တစ်ဦးမှာ ဂုဏ်မြင့်သူ ယာဉ်လိုင်းမှ ယာဉ်မောင်း ဦးမောင်ကို ဖြစ်သည်။ မန္တလေး-မုံရွာ-ပုလဲ-ကျားတက်-မင်းတိုင်ပင် အထိ မောင်းနှင်ရမည့် ယာဉ်လိုင်းဖြစ်ကြောင်း၊ ယခင် ညောင်ပင်ကြီး ဇက်ဆိပ်မှ ကူးရစဉ်က ကူးမည့် ယာဉ် များလျှင်လည်းစောင့်၊ ဇက်ရေယာဉ်အတွက် ကူးသန်းပို့ဆောင်ပေးမည့် ယာဉ်မပြည့်လျှင်လည်း စောင့်နှင့် တစောင့်တည်း စောင့်ခဲ့ရကြောင်း၊ လေမိုးမသာပါက လုံးဝ ကူးမရသည်များလည်း ရှိကြောင်း၊ ယခုတံတားကြီးကြောင့် ၎င်းအခက်အခဲများ မရှိတော့ကြောင်းဖြင့် စကားကို အနားသတ်ပါသည်။ ယာဉ်မောင်းဦးမောင်ကိုက ယာဉ်မောင်းထိုင်ခုံတွင် ပြန်ထိုင်ပြီး ဆက်လက်ထွက်သွားရန် ပြင်ဆင်နေစဉ်တွင် တိတ်ဆိတ်နေသောခရီးသည်များအား ဆက်လက်မေးမြန်းလိုစိတ် ဖြစ်ပေါ်လာ၏။ သို့သော် ခရီးသွားချိန်ကိုငဲ့ညှာ၍တစ်ကြောင်း၊ ယာဉ်မောင်းကိုအားနာ၍တစ်ကြောင်း ဤသို့ မေးလိုက်မိ၏။

"ကဲ-ခရီးသည်များ ခင်ဗျား၊ ဒီချင်းတွင်းတံတားကြီးဟာ ခရီးသည်များအတွက် အဆင်ပြေပါရဲ့လားခင်ဗျား"

'မေးခွန်း မဆုံးလိုက်ပါ။

"ကောင်းတယ်"

"သိပ်ကောင်းပေါ့တော်"

"အဆင်ပြေပါတယ်"

ယာဉ်ပေါ်ပါခရီးသည် ၄၀ ကျော်တို့၏ စုပေါင်းဖြေသံကို မြစ်ပြင်ပေါ် တိုက်ခတ်လာသည့် လေပြည်က မြစ်အကြေသို့ ဆောင်ယူသွားခဲ့ပေတော့သည်။ ။

**တံတားကြီးပေါ်တွင် ဆိုင်ကယ်၊ ကား၊ ခရီးသည်တင်ယာဉ်များ ရာသီမရွေး ဖြတ်သန်းသွားလာနေသည်ကို ဤသို့ မြင်တွေ့ခဲ့ရသည်။**




## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၂-၁၀-၂၀၀၈ (ဗုဒ္ဓဟူးနေ့)

AM & PM

| | |
|---|---|
| ၇း၀၀ - ၁း၀၀ | MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ် |
| ၇း၀၅ - ၁း၀၅ | "အလိုအပ်ဆုံးအရာ"တရားတော် (ဆရာတော် ဓမ္မဒူတဒေါက်တာအရှင်ပညိဿရ) |
| ၈း၀၀ - ၂း၀၀ | Industrial Talk [ဒေါက်တာမျိုးသန့်တင်၊ ဦးတင်အောင်ရွှေ(သုတေသီ)] |
| ၈း၃၀ - ၂း၃၀ | သီချင်းကောင်းကောင်းသီချင်းတောင်း |
| ၈း၅၅ - ၂း၅၅ | Activities In The City (သွားကျန်းမာရေး အခမဲ့ဆေးကုသပွဲ) |
| ၉း၁၀ - ၃း၁၀ | ပျော်ရွှင်ကျန်းမာ သန့်စင်သောအစာ (ဆုပန်ထွာ၊ပွင့်၊ဟဲဗီးဖြိုး) (ဒါရိုက်တာ-ကြည်စိုးထွန်း) |
| ၉း၁၅ - ၃း၁၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၉း၂၅ - ၃း၂၅ | ရည်စူးဖူးမြော် ကမ္ဘာ့ဝိပဿနာစေတီတော် |
| ၁၀း၀၀ - ၄း၀၀ | တေးဂီတအစီအစဉ် |
| ၁၀း၀၅ - ၄း၀၅ | နုယဉ်ဆန်းထွင် ပန်းအလှဆင် (မိမိစိတ်ကြိုက်ပန်းအလှပြင်ဆင်ခြင်း) |
| ၁၀း၁၅ - ၄း၁၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၀း၂၀ - ၄း၂၀ | ချောင်းမကြီး(မြို့လှ)ရေလှောင်တမံ |
| ၁၀း၃၀ - ၄း၃၀ | တေးဂီတအစီအစဉ် |
| ၁၀း၃၅ - ၄း၃၅ | မိုးလေဝသခန့်မှန်းချက် |
| ၁၀း၄၀ - ၄း၄၀ | Midweek Sports News |
| ၁၀း၅၅ - ၄း၅၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၁း၀၅ - ၅း၀၅ | ကုန်ပစ္စည်းသစ်မိတ်ဆက် (Tip Top Lubricants) |
| ၁၀း၁၅ - ၅း၁၅ | တေးဂီတအစီအစဉ် |
| ၁၁း၂၀ - ၅း၂၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၁း၂၅ - ၅း၂၅ | ကလေးတို့ရဲ့ပျော်ရွှင်ဖွယ်နေ့လေးတစ်နေ့ |
| ၁၁း၄၀ - ၅း၄၀ | Fashion Fever (ဒီဇိုင်နာ ခင်စန်းဝင်း၏ မြန်မာ့သတို့သမီးဝတ်စုံဖက်ရှင်) |
| ၁၂း၁၀ - ၆း၁၀ | နာဂစ်နှင့်ပတ်သက်၍ ဆရာဝန်တို့၏လုပ်ဆောင်ချက် |
| ၁၂း၂၅ - ၆း၂၅ | Myanmar Video Rhythm |
| ၁၂း၅၀ - ၆း၅၀ | တေးဂီတအစီအစဉ် |
| ၁း၀၀ - ၇း၀၀ | MRTV-4 အပိတ် Logo |

**MRTV-4** အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် **UHF** တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

### Champion League ဘောလုံးပွဲစဉ်များ

| ညပိုင်း | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| ၁း၀၀ | Chelsea - Roma | ESPN (Live) |
| | Atletico-Liverpool | STAR SPORTS (Live) |
| ၄း၀၀ | PSV-Marseille | ESPN (SDD) |

## မြန်မာလှေလှော်အားကစားအဖွဲ့ ရွှေတံဆိပ်တစ်ခု ထပ်မံဆွတ်ခူး

**ရန်ကုန် အောက်တိုဘာ ၂၁**

အောက်တိုဘာ ၁၈ရက်မှ ၂၆ရက်အထိ အင်ဒိုနီးရှားသမ္မတနိုင်ငံ ဘာလီကျွန်း၌ ကျင်းပလျက်ရှိသော ပထမအကြိမ် အာရှသဲသောင်ပြင် အားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသည့် မြန်မာလှေလှော်အားကစားအဖွဲ့သည် အောက်တိုဘာ ၂၁ ရက်တွင် မီတာ ၂၅၀ အမျိုးသား တက် ၂၀ လှေလှော်ပြိုင်ပွဲ၌ ရွှေတံဆိပ်တစ်ခု ထပ်မံဆွတ်ခူးရရှိသည်။

မြန်မာလှေလှော်အားကစားအဖွဲ့သည် မီတာ ၅၀၀ အမျိုးသား တက် ၂၀ လှေလှော်ပြိုင်ပွဲ၌ ရွှေတံဆိပ်တစ်ခု၊ မီတာ ၈၀၀ အမျိုးသား တက် ၂၀ လှေလှော်ပြိုင်ပွဲ၌ ငွေတံဆိပ်တစ်ခုရရှိထားပြီး စုစုပေါင်း ရွှေတံဆိပ်နှစ်ခု၊ ငွေတံဆိပ်တစ်ခု ရရှိထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## မြန်မာနိုင်ငံဆရာဝန်အသင်း ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၂၁**

မြန်မာနိုင်ငံ ဆရာဝန်အသင်း ဂေါက်သီးရိုက်အဖွဲ့၏ လစဉ် ကျင်းပမြဲဖြစ်သော ဂေါက်သီးရိုက်ပြိုင်ပွဲအတွက် အောက်တိုဘာလ ဂေါက်သီးရိုက်ပြိုင်ပွဲကို အောက်တိုဘာ ၂၆ ရက် (တနင်္ဂနွေနေ့) နံနက် ၆ နာရီတွင် မြန်မာနိုင်ငံ ဂေါက်ကွင်း ကိုးမိုင်၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်ဆရာဝန်များ ဝင်ရောက်ယှဉ်ပြိုင်နိုင်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ ကာရာဒါဒေသတွင် ကားဗုံးကွဲမှုဖြစ်ပွားသွားသောနေရာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက စစ်ဆေးနေကြစဉ်။ (ဓာတ်ပုံ-အင်တာနက်)

# အီရတ်နှင့် အာဖဂန်နစ္စတန်သတင်းများ

## ဘဂ္ဂဒက်အရှေ့ပိုင်း၌ ဗုံးပေါက်ကွဲ လူနှစ်ဦးသေ

**ဘဂ္ဂဒက် အောက်တိုဘာ ၂၀**

အီရတ်နိုင်ငံဘဂ္ဂဒက်မြို့အရှေ့ပိုင်း၌ နှစ်ထပ်ဘတ်စ်ကားတစ်စီး လမ်းဘေးဗုံးထိမှန်ခဲ့ရာ နှစ်ဦးသေဆုံးပြီး ခုနစ်ဦးဒဏ်ရာရရှိသည်ဟု အီရတ်အာဏာပိုင်များက တနင်္လာနေ့တွင် ပြောကြားသည်။

ရှီးယိုက်များ ချုပ်ကိုင်ထားသော မာတ်ချ်တယ်ဒေသအနီးမှ ဖြတ်သန်းလာသော ဘတ်စ်ကားမှာ လမ်းဘေးဗုံးထိမှန်ခဲ့သည်။ ထိုကားပေါ်၌ အီရတ်ဆောက်လုပ်ရေးဝန်ကြီးဌာနမှ အလုပ်သမားများ လိုက်ပါလာသည်ဟု အီရတ်ရဲတပ်ဖွဲ့နှင့်ဆေးရုံမှ တာဝန်ရှိသူများက ပြောကြားသည်။

ဒဏ်ရာရရှိသူများကို ဘဂ္ဂဒက်မြို့ ကင်ဒီဆေးရုံသို့ ခေါ်ဆောင်သွားသည်ဟု တာဝန်ရှိသူများက ပြောပြသည်များကို အမည်မဖော်လိုသူတစ်ဦးက ပြန်လည်ပြောပြသည်။ ထိုသတင်းကို သက်ဆိုင်ရာက ထုတ်ပြန်ကြေညာခြင်း မရှိသေးဟု သိရှိရသည်။

ဗုံးပေါက်ကွဲမှုကြောင့် ဘတ်စ်ကားပျက်စီးသွားပြီး ခုနစ်ဦးဒဏ်ရာရရှိကာ သေဆုံးသူတစ်ဦးတည်းရှိသည်ဟု အမေရိကန်တပ်ဖွဲ့က ပြောကြားသည်။ ဗုံးပေါက်ကွဲမှုဖြစ်ရာနေရာတွင် အီရတ်တပ်ဖွဲ့က လူတစ်ဦးကို ထိန်းသိမ်းခဲ့ပြီး ထိုပေါက်ကွဲမှုသည်ရှီးယိုက်အစွန်းရောက်သမားများ၏လက်ချက်ပင်ဖြစ်ကြောင်း အမေရိကန်တပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူက ပြစ်တင်ပြောကြားသည်။ ***အင်တာနက်။***

# အာဖဂန်နစ္စတန်မြို့တော်အနောက်ပိုင်း၌ နေတိုးတပ်ဖွဲ့ထိုးစစ်ဆင်၊ စစ်သွေးကြွ ၂၀ သေဆုံး

**ကဘူး အောက်တိုဘာ ၂၀**

အာဖဂန်နစ္စတန်မြို့တော် အနောက်ပိုင်းရှိ သောင်းကျန်းသူများ၏ အမာခံနယ်မြေကို နေတိုးတပ်ဖွဲ့ဝင်များက နှစ်ရက်ကြာထိုးစစ်ဆင်တိုက်ခိုက်ခဲ့ရာ စစ်သွေးကြွ ၂၀ ဦးသေဆုံးခဲ့သည်ဟု အာဖဂန်နစ္စတန်ရှိ နေတိုးတပ်ဖွဲ့က ပြောကြားသည်။ ဝါဒက်စ်ပြည်နယ်တွင် တိုက်ပွဲဖြစ်ခဲ့ကြောင်း နေတိုးတပ်ဖွဲ့က သတင်းထုတ်ပြန်သည်။ ထိုပြည်နယ်သည် ကဘူးမြို့အနောက်မိုင် ၄၀ အကွာရှိမြို့တော်၏ဝင်ပေါက်ဖြစ်ပြီး စစ်သွေးကြွများ၏ အမာခံနယ်မြေဖြစ်သည်။

သောင်းကျန်းသူများကို ချေမှုန်းပြီးနောက် နေတိုးတပ်ဖွဲ့သည် ကြာသပတေးနေ့က ဝါဒက်စ်ပြည်နယ် ဂျဲလ်ရှ်ဇ်ဒေသသို့ ပြန်ခဲ့ကြသည်ဟု စစ်ဘက်သတင်းတွင် ဖော်ပြသည်။ လေကြောင်းမှ နှစ်ရက်ကြာ တိုက်ခိုက်မှုတွင် စစ်သွေးကြွ ၂၀ကျော် သေဆုံးခဲ့ရသည်။ ***အင်တာနက်။***



အာဖဂန်နစ္စတန်နိုင်ငံ ကဘူးလ်မြို့တွင် ဗုံးပေါက်ကွဲမှု ဖြစ်ပွားသွားသောနေရာအား ရှင်းလင်းနေကြသည်ကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

## ကဘူးလ်၌ နိုင်ငံခြားသူတစ်ဦး ပစ်သတ်ခံရ

**ကဘူးလ် အောက်တိုဘာ ၂၀**

အာဖဂန်နစ္စတန်နိုင်ငံ မြို့တော်ကဘူးလ်တက္ကသိုလ်အနီးတွင် နိုင်ငံခြားသူ အမျိုးသမီးတစ်ဦး ပစ်သတ်ခံရသည်ဟုတာဝန်ရှိသူများက ပြောကြားသည်။ ဆိုင်ကယ်စီးလာသူနှစ်ဦးက အဆိုပါ အမျိုးသမီးကို ပစ်သတ်ပြီး မောင်းထွက်သွားကြသည်ဟု ပြည်ထဲရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ ဇီမာရိုင်ဘာရှရီကသတင်းဌာနများသို့ပြောကြားသည်။

ထိုအမျိုးသမီးသည် တောင်အာဖရိကနိုင်ငံသူဖြစ်ပြီး ခရစ်ယာန်စေတနာ့ ဝန်ထမ်းတစ်ဦးဖြစ်သည်ဟု ရဲတပ်ဖွဲ့က ပြောကြားသည်။အဆိုပါ အမျိုးသမီး သည် အလုပ်သို့သွားစဉ် ပစ်သတ်ခံရခြင်းဖြစ်ကြောင်း၊ ထိုတိုက်ခိုက်မှုသည် ၎င်းကိုဦးတည် တိုက်ခိုက်ခြင်းသို့မဟုတ် မှားယွင်းပစ်ခတ်ခံရခြင်း ဟုတ်မဟုတ် မသိရှိကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ အာဖဂန်နစ္စတန်မြို့တော်တွင်ယခုကဲ့သို့ ပြည်ပနိုင်ငံသားများကို လက်နက်ကိုင်များကပစ်သတ်ခြင်းသည်ပထမဆုံးအကြိမ် မဟုတ်တော့ကြောင်း သတင်းဌာနများက ဖော်ပြသည်။ ယခုကဲ့သို့လုပ်ကြံမှုကြောင့် အာဖဂန်နစ္စတန်တွင် လုံခြုံရေးနှင့် ပတ်သက်၍ ထပ်မံစိုးရိမ်စရာများဖြစ်လာကြောင်းသက်ဆိုင်ရာကပြောကြားသည်။ ***အင်တာနက်။***

## ဆိုမာလီတွင် ယူနီဆက်အရာရှိတစ်ဦးလုပ်ကြံခံရ

**မိုဂါဒစ်ရှူး အောက်တိုဘာ ၂၀**

ဆိုမာလီနိုင်ငံတောင်ပိုင်း ဟူဒါမြို့တွင် ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့(ယူနီဆက်)၏ ရေနှင့်သန့်ရှင်းရေးအစီအစဉ် အကြီးအကဲ မတ်တာမိုဟာမက်ဟတ်ဆန်အား အမည်မသိသေနတ်သမားများက လုပ်ကြံလိုက်ကြောင်း မျက်မြင်တွေ့ရှိသူများက တနင်္ဂနွေနေ့တွင် ပြောကြားကြသည်။

ဟတ်ဆန်သည် ယခုအပတ်အတွင်း ဆိုမာလီတောင်ပိုင်း၌ အသတ်ခံရသော ဒုတိယမြောက် ဒေသဆိုင်ရာကုလသမဂ္ဂ အေဂျင်စီမှတာဝန်ရှိသူဖြစ်သည်။

ဆိုမာလီမြို့တော် မိုဂါဒစ်ရှူး၏ အနောက်တောင်ဘက်တွင် ရှိသော ဘာကူးဒေသမြို့တော် ဟူဒါသည် ရှာဗက်အစ္စလာမ်မစ်လှုပ်ရှားမှုအဖွဲ့၏ ထိန်းချုပ်မှုအောက်တွင် ရှိသည်။ လွန်ခဲ့သောလက ၎င်းတို့သည် နိုင်ငံတကာအကူအညီပေးရေး အေဂျင်စီများကို ပိတ်ပင်တားမြစ်ခဲ့ပြီး အခြားအေဂျင်စီများကိုလည်း သတိပေးခဲ့သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***



အာဖဂန် နစ္စတန်နိုင်ငံ ကဘူးမြို့လယ်တွင် ပေါက်ကွဲမှု ပြင်းထန်စွာ ဖြစ်ပွားသည့် နေရာအား တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

## နယူးဒေလီမြို့တော် ရထားလမ်းသစ် တံတားပြိုကျ နှစ်ဦးသေဆုံး၊ ၁၇ ဦးဒဏ်ရာရ

**နယူးဒေလီ အောက်တိုဘာ ၂၀**

အိန္ဒိယနိုင်ငံ နယူးဒေလီ၏ ခြောက်နှစ်တာကြာပြီးဖြစ်သည့် မြို့တော်ရထားလမ်းစနစ်ကို တိုးချဲ့ရာတွင် တည်ဆောက်နေဆဲ တံတားတစ်စင်းသည် အောက်တိုဘာ ၁၉ရက်အစောပိုင်းက ဘတ်စ်ကားတစ်စီးနှင့် ကားများပေါ် ပြိုကျခဲ့ရာ နှစ်ဦးသေဆုံးပြီး ၁၇ ဦးမှာ ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

တံတားပြိုကျ၍ ပိတ်မိနေသော လူများလွတ်မြောက်ရန် ကယ်ဆယ်ရေးအဖွဲ့က ကြိုးစားဆောင်ရွက်နေဆဲဖြစ်သည်ဟု နယူးဒေလီရဲတပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ ရာဂျန်ဘာဂတ်က အေအက်ဖ်ပီသတင်းဌာနသို့ပြောကြားသည်။

တစ်ချိန်တည်း၌ပင် ယင်းမတော်တဆဖြစ်မှုကြောင့် အနည်းဆုံး နှစ်ဦးသေဆုံးပြီး သေဆုံးဦးရေမှာ ထပ်မံတိုးလာနိုင်သည်ဟု မျှော်မှန်းရကြောင်း ရုပ်မြင်သံကြား၌ ကြေညာသွားသည်။

အိန္ဒိယမြို့တော် အရှေ့ဘက်ရှိ ၁၅၀မီတာ(ပေ၅၀၀)ရှည်သောတံတားအစိတ်အပိုင်းသည် ခရီးသည်အပြည့်တင်ဆောင်လာသည့် ဘတ်စ်ကားတစ်စီးပေါ်သို့ ပြိုကျခြင်းဖြစ်သည်ဟု အိန္ဒိယပီတီအိုင်သတင်းဌာနကဖော်ပြသွားသည်။

ယင်းသို့လုပ်ငန်းခွင်၌မတော်တဆဖြစ်ရခြင်းမှာ နည်းပညာပိုင်းဆိုင်ရာ ချို့ယွင်းမှုကြောင့် ဖြစ်ရခြင်းဖြစ်ပြီး ဒဏ်ရာရရှိသူများကို သယ်ထုတ်နေဆဲဖြစ်သည်ဟု မြို့တော်အရာရှိ ဗီဂျေးအာနစ်က သတင်းထောက်များအား ပြောကြားသည်။ ထို့ပြင်အခင်းဖြစ်ပွားရာနေရာသို့ လူအများစုပြုံရောက်ရှိနေပြီး တံတား၏အစိတ်အပိုင်း ဖရိုဖရဲဖြစ်နေပုံများကိုလည်း ရုပ်မြင်သံကြား၌ ပြသသွားသည်။

ထိုနယူးဒေလီ ရထားလမ်းစနစ်ကို ၂၀၀၂ ခုနှစ်က စတင်ဆောက်လုပ်ခဲ့ပြီး ထိုစနစ်မှာ သန့်ရှင်းမှုရှိခြင်းနှင့် ခရီးသွားလာရာတွင် လွယ်ကူချောမွေ့မှုရှိသည်ဟု မြို့တော်သို့ လာရောက်လည်ပတ်သည့်အရာရှိများနှင့်ခရီးသွားဧည့်သည်များကမကြာခဏချီးမွမ်းကြကြောင်း သတင်းအရ သိရသည်။ ***အင်တာနက်။***

## တရုတ်တွင် ပြည်တွင်းခရီးစဉ် ပြည်တွင်းဖြစ်လေယာဉ်ဖြင့် စတင်ပျံသန်း

**တီယန်ကျင်း အောက်တိုဘာ ၂၀**

တရုတ်နိုင်ငံမှ ထုတ်လုပ်သောဂျက်လေယာဉ် မိုဒင်းအတ်(အမ်အေ)၆၀ သည် မြောက်ပိုင်းဆိပ်ကမ်းမြို့ တီယန်ကျင်းသို့ ပထမဆုံး ပြည်တွင်းလေကြောင်းခရီးစဉ် တစ်ခုအဖြစ် တနင်္ဂနွေနေ့က စတင်ပျံသန်းသည်။

အိုကေအဲယားလိုင်းမှ စီစဉ်သော အဆိုပါ ပျံသန်းမှုသည် အမ်အေ ၆၀ လေယာဉ်၏ ပထမဆုံး ပြည်တွင်းခရီးစဉ်အဖြစ် မှတ်တမ်းတင်ကြောင်း မြို့ပြလေကြောင်း အထွေထွေအုပ်ချုပ်ရေးဌာနမှတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ ထို့အပြင် တရုတ်နိုင်ငံ ဈေးကွက်တွင် နိုင်ငံခြားဖြစ်လေယာဉ်ပျံများ ကြီးစိုးနေခြင်းအား ထိုးဖောက်ဝင်ရောက်လာခြင်းအဖြစ်လည်း မှတ်တမ်းတင်ရသည်ဟု ဆိုသည်။

စီအမ်လေယာဉ် ထုတ်လုပ်ရေးကုမ္ပဏီ (အိတ်စ်အေစီ)က ခရီးတိုနှင့် ခရီးအလတ်စားများအတွက် ရည်ရွယ်၍ အမ်အေ ၆၀ ကို ဒီဇိုင်းဆွဲ ထုတ်လုပ်ခဲ့ ခြင်း ဖြစ်သည်။

လေယာဉ်ပျံသန်းစရိတ်နှင့် ပြုပြင်ထိန်းသိမ်းရေးစရိတ်များ သက်သာသဖြင့် အာဖရိကနှင့် အရှေ့တောင်အာရှနိုင်ငံများက ၂၀၀၅ ခုနှစ်ကတည်းက ဝယ်ယူလျက်ရှိသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အိန္ဒိယနိုင်ငံ နယူးဒေလီမြို့ တွင် အသစ်ထပ်မံတိုးချဲ့ဆောက်လုပ်သော မြို့တော် ရထားလမ်းစနစ်မှ ပြိုကျသွားသော ရထားလမ်းကို အောက်တိုဘာ ၁၉ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)



# ကြေးမုံ The Mirror နိုင်ငံတကာ သတင်းများ

## အသက် ၈၂ နှစ်ရှိ လေယာဉ်မောင်း လေယာဉ်ပျက်သော်လည်း သေကံမရောက်

**အော့တဝါ အောက်တိုဘာ ၂၀**

ကနေဒါနိုင်ငံတွင် အသက် ၈၂နှစ်ရှိပြီဖြစ်သောလေယာဉ်မောင်းသူ အဖိုးကြီးတစ်ဦးသည် ၎င်း၏လေယာဉ်ငယ်ကို အနောက်ပိုင်းမြို့တော် ဝင်နီပက်အနီး လေဆိပ်တစ်ခုသို့ ဆင်းသက်ရန် ကြိုးပမ်းစဉ် သစ်ပင်တစ်ပင်ပေါ်သို့ ပျက်ကျရာ အသက်မသေလွတ်မြောက်လာခဲ့ကြောင်း အော့တဝါသို့ ရောက်ရှိလာသော သတင်းများတွင် ဖော်ပြထားသည်။ လေယာဉ်မောင်းသူသည် ၎င်းလေယာဉ်အင်ဂျင်ရပ်သွားသဖြင့် မြေပြင်သို့ ဆင်းသက်ရာ ဝါယာကြိုးတန်းတစ်ခုအား ဝင်တိုက်ပြီး သစ်ပင်ပေါ်သို့ပျက်ကျသည်ဟု ကနေဒါရဲတပ်ဖွဲ့၏ ပြောကြားခြင်းကို ကိုးကား၍ သတင်းများတွင် ဖော်ပြသည်။

လေယာဉ်သည် မြေပြင်မှ ၁၀မီတာ အမြင့်ခန့်၌သစ်ပင်ပေါ်တွင်တင်နေပြီး ဆီများယိုကျနေသည်။ လေယာဉ်မောင်းသူသည် ၎င်းအား အရေးပေါ်ကယ်ဆယ်ရေးသမားများက လာရောက်ကယ်တင်ခြင်း မပြုသေးမီ နှစ်နာရီခန့်ကြာမျှ လေယာဉ်၏ ကေဘင်ခန်းမှ အောက်သို့ ဇောက်ထိုးတန်းလန်းချိတ်နေခဲ့သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***



**လက်ခံတွေ့ဆုံ**

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီး သူရရွှေမန်း အိန္ဒိယ(ကြည်း)တပ်မှ အရှေ့ပိုင်းတိုင်း တိုင်းမှူး (General Officer Commanding-in-Chief, Eastern Command) Lt. Gen. VK Singh, AVSM, YSM အား နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံစဉ်။**

(သတင်း-ရှေ့ဖုံး)(သတင်းစဉ်)

**ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့်ဇနီး ဒေါ်ကြင်မြိုင်တို့ အိန္ဒိယ(ကြည်း)တပ်မှ အရှေ့ပိုင်းတိုင်း တိုင်းမှူး (General Officer Commanding - in - Chief, Eastern Command)Lt.Gen. VK Singh, AVSM, YSM၊ ဇနီး Mrs. Bharti Singh တို့အား ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြစဉ်။** (သတင်းစဉ်)

# အိန္ဒိယ(ကြည်း)တပ်မှ အရှေ့ပိုင်းတိုင်း တိုင်းမှူးနှင့် ဇနီးနှင့် အဖွဲ့ဝင်များ နေပြည်တော်သို့ ရောက်ရှိ

နေပြည်တော် အောက်တိုဘာ ၂၁

**အိန္ဒိယ(ကြည်း)တပ်မှ အရှေ့ပိုင်းတိုင်း တိုင်းမှူး (General Officer Commanding-in-Chief, Eastern Command) Lt. Gen. VK Singh, AVSM, YSM နှင့် ဇနီး Mrs. Bharti Singh နှင့်အဖွဲ့ဝင်များသည် ယနေ့နံနက် ၉ နာရီတွင် လေကြောင်းခရီးဖြင့် နေပြည်တော်သို့ ရောက်ရှိလာကြသည်။**

ဧည့်သည်တော် အိန္ဒိယ(ကြည်း)တပ်မှ အရှေ့ပိုင်းတိုင်း တိုင်းမှူးနှင့် ဇနီးနှင့် အဖွဲ့ဝင်များအား နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်နှင့် ဇနီး ဒေါ်ဆွေဆွေဦးနှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။ (သတင်းစဉ်)



# တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့် ဇနီး အိန္ဒိယ(ကြည်း)တပ်မှ အရှေ့ပိုင်းတိုင်း တိုင်းမှူးနှင့် ဇနီးနှင့် အဖွဲ့ဝင်များအား ကြိုဆိုနှုတ်ဆက်

ရန်ကုန် အောက်တိုဘာ ၂၁

**အိန္ဒိယ(ကြည်း)တပ်မှ အရှေ့ပိုင်းတိုင်း တိုင်းမှူး (General Officer Commanding-in-Chief, Eastern Command) Lt. Gen. VK Singh, AVSM,YSM နှင့်ဇနီး Mrs. Bharti Singh နှင့် အဖွဲ့ဝင်များသည် အောက်တိုဘာ ၂၀ ရက် မွန်းလွဲ ၁ နာရီ ၁၅ မိနစ်တွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိလာကြရာ ရန်ကုန်တိုင်း စစ် ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့်ဇနီး ဒေါ်ကြင်မြိုင်၊ ဧရာဝတီရေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ် ဝင်းရှိန်နှင့် ဇနီး၊ မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးကြီးသိန်းနိုင်နှင့် တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသံရုံး စစ်သံမှူး Colonel, Manoj Mukund Naravane နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။**

ထို့နောက် အိန္ဒိယ(ကြည်း)တပ်မှ အရှေ့ပိုင်းတိုင်း တိုင်းမှူးနှင့် ဇနီးနှင့်အဖွဲ့ဝင်များသည် ညနေပိုင်းတွင် ဒဂုံမြို့နယ် ဇိဝကလမ်းရှိ ဇဖားရှား ဂူပိမာန်သို့ သွားရောက်၍ ဂါရဝပြုကြသည်။

ယင်းနောက် အိန္ဒိယ(ကြည်း)တပ်မှ အရှေ့ပိုင်းတိုင်း တိုင်းမှူးနှင့် ဇနီးနှင့်အဖွဲ့ဝင်များသည် ညပိုင်းတွင် ရွှေတိဂုံစေတီတော်၌ ပန်း၊ ရေချမ်းနှင့် ဆီမီးများ ကပ်လှူပူဇော်၍ အလှူငွေများကို ပေးအပ်လှူဒါန်းပြီး စေတီတော်အား လက်ယာရစ် လှည့်လည်ဖူးမြော်ကြသည်။ (သတင်းစဉ်)

# မြဝတီရုပ်မြင်သံကြားအစီအစဉ်

**၂၂-၁၀-၂၀၀၈ (ဗုဒ္ဓဟူးနေ့)**

**နံနက်ပိုင်း**

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ အဖွင့်သီချင်း
- ၇း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
- ၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၈း၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
- ၈း၁၆ ၁၂။ ပြီးပါပြီ။

**ညပိုင်း**

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၅ ၃။ အမျိုးသားရေးတေးကဗျာ
- ၄း၂၀ ၄။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၄း၃၀ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄း၄၅ ၆။ တိုင်းကျိုးပြည်ပြု တည်ထောင်မှု
- ၄း၅၀ ၇။ မျိုးချစ်တပ်မတော်
- ၅း၀၀ ၈။ ကျန်းမာကြံ့ခိုင် ဒို့နိုင်ငံ
- ၅း၂၀ ၉။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၅း၄၀ ၁၀။ မြတ်နိုးကြစေအမျိုးသားအမွေ
- ၅း၅၀ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆း၀၀ ၁၂။ မြဝတီရုပ်မြင်သံကြား သတင်း
- ၆း၁၀ ၁၃။ နိုင်ငံတကာသတင်း
- ၆း၂၀ ၁၄။ အမျိုးသားရေးတေးကဗျာ
- ၆း၃၀ ၁၅။ **ကာတွန်းအစီအစဉ် -ကျားကလေးရဲ့ မွေးရပ်မြေ အပိုင်း(၄၀)**
- ၆း၄၅ ၁၆။ လျှပ်တစ်ပြက်ရိုက်ချက်
- ၇း၀၀ ၁၇။ **မြန်မာဗီဒီယိုဇာတ်လမ်းတွဲ -အိပ်မက်ဆိုးမှမနိုးခင် (အပိုင်း-၉)**
- ၈း၀၀ ၁၈။ မြဝတီရုပ်မြင်သံကြား သတင်း
- ၁၉။ မိုးလေဝသသတင်း
- ၂၀။ အမျိုးသားရေးတေးကဗျာ
- ၂၁။ မိုးကုတ်ဆရာတော်ကြီး၏ ထေရုပ္ပတ္တိ
- ၂၂။ ဖြေလိုက်ပါ
- ၂၃။ ICT သုတ
- ၂၄။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -နှင်းတောင်သူရဲကောင်း (အပိုင်း-၁၉)**
- ၂၆။ သင့်အတွက်မနက်ဖြန်
- ၂၇။ အပိတ်နှုတ်ဆက်စကား
- ၂၈။ ပြီးပါပြီ။

# မန္တလေးဆောင် ကျောင်းသားဟောင်းများအသင်း အဆောင်မှူးဆရာကြီးများအား ကန်တော့ပွဲကျင်းပ

**ရန်ကုန် အောက်တိုဘာ ၂၁**

ရန်ကုန်တက္ကသိုလ်၊ မန္တလေးဆောင် ကျောင်းသားဟောင်းများအသင်း၏ အဆောင်မှူး ဆရာကြီးများအား ကန်တော့ပွဲကို အောက်တိုဘာ ၁၉ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ နှင်းဆီကုန်း ဘိုးဘွားရိပ်သာ၌ ကျင်းပရာ မန္တလေးဆောင် အဆောင်မှူးများအဖြစ် တာဝန်ထမ်းဆောင်ခဲ့ကြသည့် ဆရာဦးငြိမ်း၊ ဒေါက်တာခင်မောင်ဝင်းနှင့် ဒေါက်တာ သိန်းအောင်တို့ တက်ရောက်ကန်တော့ခံကြသည်။

အခမ်းအနားတွင် အသင်းနာယကဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင် ဦးလှမြင့်ဦး၊ ဦးအုန်းခင်နှင့် ဦးဝင်းကြည်တို့က ကျောင်းသားဟောင်းများ ကိုယ်စား ဆရာကြီးများအား လက်ဆောင်ပစ္စည်းများဖြင့် ကန်တော့ကြသည်။ **(ယာပုံ)**

ထို့နောက် အသင်းဥက္ကဋ္ဌ ဦးတင်အုန်းက ထူးချွန် ဘူမိဗေဒကျောင်းသားများအတွက် ပညာသင်ထောက်ပံ့ငွေကို ဘူမိဗေဒပါမောက္ခသို့ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)





# သွားကျန်းမာရေး စောင့်ရှောက်မှုကဏ္ဍနှင့် ဖလိုရိုဒ်သွားတိုက်ဆေးများ

ဒေါက်တာကိုကိုမော်

သွားပိုးစားရောဂါသည် ကမ္ဘာပေါ်တွင် လူ့ယဉ်ကျေးမှုအစ ကစီဓာတ်ပါသည့် ပြောင်း၊ ဂျုံ၊ စပါးတို့ကို စိုက်ပျိုးချက်ပြုတ် စားသောက်သည့် အလေ့အထနှင့်အတူ ပေါ်ပေါက်ခဲ့ရသည့်အတွက် လူ့ယဉ်ကျေးမှုရောဂါဟူ၍ပင် တင်စားခဲ့ကြရပါသည်။ သွားဘက်ဆိုင်ရာဆေးပညာ စတင်ထွန်းကားလာသည့်တိုင် သွားပိုးစားရောဂါအတွက် သွားနုတ်ခြင်း၊ စိုက်ခြင်း၊ ဖာခြင်းကိုသာ အဓိကထား ဆောင်ရွက်နိုင်ခဲ့ကြပါသည်။ သွားပိုးစားရောဂါ၏ နောက်ဆက်တွဲ သွားကိုက်ခဲသည့် ဝေဒနာမှအစပြု၍ လူ့ကျန်းမာရေးအခြေအနေ အရပ်ရပ်ကိုပါ ထိခိုက်သည်ကို သိလာသည့်တိုင် ရောဂါမဖြစ်ခင်ကတည်းက ထိထိရောက်ရောက် ကြိုတင်ကာကွယ်နိုင်မည့်နည်းလမ်းကို ၁၉ ရာစုအထိ မတွေ့ရှိနိုင်ခဲ့ကြပေ။

၁၉၀၈ ခုနှစ်မှအစပြု၍ အမေရိကန်နိုင်ငံမှ သွားဆရာဝန် Dr. Frederick Mc Kay ၏ သုတေသနတွေ့ရှိချက်များနှင့် ၎င်းနောက်ပိုင်း Dr.H Trendly Dean ၏ ဆက်လက်သုတေသနပြုချက်များအရ ဖလိုရိုဒ်ဓာတ်ကို အချိုးမှန်စွာရရှိစေခြင်းဖြင့် သွားပိုးစားရောဂါ ဖြစ်ပွားမှုကို ဟန့်တားနိုင်ကြောင်း တွေ့ရှိခဲ့ကြရသည်။ ဤသုတေသနတွေ့ရှိချက်၏ လက်တွေ့အကျိုးမှာ ၁၉၄၅ ခုနှစ်တွင် ပထမဆုံးအကြိမ် သောက်ရေထဲတွင် ဖလိုရိုဒ်ဓာတ်ကို အချိုးအစားမှန်စွာ ထည့်သွင်းဖြန့်ဖြူးပေးသည့် (Community water fluoridation) စနစ်ပေါ်ပေါက်ခဲ့ခြင်း ဖြစ်ပါသည်။ ယခုဆိုလျှင် ကမ္ဘာ့နိုင်ငံပေါင်း ၄၀ တွင် သောက်ရေ၌ ဖလိုရိုဒ်ထည့်သွင်း ဖြန့်ဖြူးလျက်ရှိပါသည်။ ဤစနစ်တွင် အားနည်းချက်များစွာ ရှိပါသည်။ အထူးသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် ကုန်ကျစရိတ် များပြားခြင်း၊ ကျေးရွာများအထိ ရေပိုက်နှင့် ရေသွယ်ဖြန့်ဖြူးရေးစနစ် ပြုလုပ်ပေးရန် မလွယ်ကူခြင်း၊ သဘာဝရေမြေအရ ဖလိုရိုဒ်များနေသည့် ဒေသများအတွက် သောက်သုံးမိသူများတွင် ဖလိုရိုဒ်ဓာတ်လွန်သည့် သွားနှင့်အရိုးပြဿနာများ ရရှိစေခြင်းတို့ ဖြစ်ပါသည်။ ထို့ကြောင့် အခြားနည်းလမ်းများ ရှာခဲ့ကြပြန်ရာ အိမ်သုံးဆားနှင့် နွားနို့တွင် ဖလိုရိုဒ်ဓာတ် ထည့်သွင်းဖြန့်ဖြူးသည့်စနစ်များ ပေါ်ပေါက်လာခဲ့ပါသည်။ နိုင်ငံတိုင်းအတွက်တော့ အသုံးမဝင်လှပါ။

၁၉၄၅ ခုနှစ်ကတည်းကပင် သုတေသီများက သွားတိုက်ဆေးထဲတွင် ဖလိုရိုဒ်ဓာတ်ထည့်၍ စမ်းသပ်ခဲ့ကြပါသည်။ ဖလိုရိုဒ်ဓာတ်ပါသည့် သွားတိုက်ဆေးနှင့် နေ့စဉ်သွားတိုက်မည်ဆိုလျှင် သွားနှင့်ခံတွင်းကိုလည်း သန့်ရှင်းစေမည်၊ လိုအပ်သော ဖလိုရိုဒ်ဓာတ်နှင့်လည်း ထိတွေ့စေမည်ဖြစ်သဖြင့် သေချာပေါက်အောင်မြင်မည်ဟု မျှော်လင့်ခဲ့ကြသော်လည်း သွားပိုးစားရောဂါကို ကာကွယ်နိုင်သည့် အထောက်အထား မတွေ့ခဲ့ကြရပါ။

၁၉၆၁ ခုနှစ်ရောက်မှ Ericsson ဆိုသည့် သုတေသီက အဖြေရှာနိုင်ခဲ့ပါသည်။ ဆေးအလို့ငှာ ထည့်လိုက်သည့် ဖလိုရိုဒ်မှာ သွားတိုက်ဆေးဖော်စပ်ရာတွင် အသုံးပြုနေကျ ကယ်လ်ဆီယမ်ဓာတ်ပေါင်း နှစ်မျိုးဖြစ်သည့် Calcium Carbonate နှင့် Dicalcium Phosphate တို့နှင့် သွားတိုက်ဆေးဘူးထဲတွင်ပင် ဓာတ်ပြုသွားပြီး သွားပိုးစားရောဂါကို ဟန့်တားရန်လိုအပ်သည့် ဖလိုရိုဒ် (Free available fluoride) မကျန်တော့သည့် အကြောင်းရင်းကို ဖော်ထုတ်နိုင်ခဲ့သည်။

အကျဉ်းဆိုရလျှင် ၎င်းတွေ့ရှိချက်၏ နောက်ပိုင်းတွင် ဖလိုရိုဒ်သွားတိုက်ဆေးအသစ်များ ပေါ်ပေါက်ခဲ့ပြီး Crest သွားတိုက်ဆေးမှာ ကမ္ဘာပေါ်တွင် သွားပိုးစားရောဂါကို ပထမဦးဆုံး ထိရောက်စွာကာကွယ်နိုင်သည့် သွားတိုက်ဆေးအဖြစ် မှတ်တမ်းတင်ခဲ့ကြရသည်။ ယနေ့ဆိုလျှင် ဖွံ့ဖြိုးပြီးနိုင်ငံများ၌ သွားတိုက်ဆေးဈေးကွက်၏ ၉၀ ရာခိုင်နှုန်းအထက်မှာ ဖလိုရိုဒ်သွားတိုက်ဆေးများဖြစ်ပြီး ဖော်မြူလာ မှန်ကန်စွာ ထုပ်ပိုး-ဖော်ပြမှုစနစ်များ၊ သုံးစွဲရန်အညွှန်းများပါ အလေးထား ထုတ်လုပ်လျက်ရှိပါသည်။ ၎င်းနိုင်ငံများအတွက် အဓိကရရှိသည့်အကျိုးမှာ ၁၀ နှစ်တာကာလအတွင်း သွားပိုးစားရောဂါ ဖြစ်ပွားနှုန်းနှင့် ၎င်းရောဂါနှင့် ဆက်စပ်သည့် သွားနှင့်ခံတွင်းကျန်းမာရေး ပြဿနာများ မျှော်လင့်သည်ထက်ထူးခြားစွာ ကျဆင်းသွားသဖြင့် သွားတက္ကသိုလ်များကိုပင် လျှော့ချရသည်အထိ ဖြစ်ခဲ့ရပါသည်။

၎င်းကဲ့သို့ ဖွံ့ဖြိုးပြီးနိုင်ငံများတွင် သွားကျန်းမာရေး မြင့်မားနေလင့်ကစား ဖွံ့ဖြိုးဆဲနိုင်ငံများတွင် အာနိသင်ပြည့်ဝသည့် သွားတိုက်ဆေးများကို ထုတ်လုပ်နိုင်ရန် နည်းပညာလည်း အပြည့်အဝ မရောက်ခဲ့ပါ။ သွားဘက်ဆိုင်ရာ ဆေးပညာရှင်များကလည်း မည်သို့ဖော်စပ်ရမည်ဆိုသည်အထိ အသိပညာပေးလုပ်ငန်းများ မလုပ်နိုင်ခဲ့သေးပါ။ ထို့ကြောင့် ယနေ့အထိ ကမ္ဘာ့ဖွံ့ဖြိုးဆဲနိုင်ငံများ၏ သွားပိုးစားရောဂါ ပြဿနာမှာ ကြီးထွားဆဲပင်ဖြစ်ပါသည်။ စစ်တမ်းတစ်ခုအရ သွားပိုးစားရောဂါနှင့် သွားဖုံးရောဂါကြောင့် ဖွံ့ဖြိုးဆဲနိုင်ငံများမှ လုပ်အားနှင့် စာသင်ကြားမှုပျက်ရသည်မှာ အခြားနာတာရှည်ရောဂါများနှင့် တန်းတူပင်ဖြစ်ကြောင်း သိရှိရပါသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးမှလည်း သွားကျန်းမာရေး မြင့်မားလာသည့် နိုင်ငံအသီးသီးတွင် မည်သည့်နည်းစနစ်ဖြင့် ဖလိုရိုဒ်ဓာတ်ကို ရရှိစေ သည်ဆိုစေကာမူ အာနိသင်ပြည့်ဝသည့် ဖလိုရိုဒ်သွားတိုက်ဆေးများနှင့် အချိန်မှန်သွားတိုက်သည့် အလေ့အထမှာ အဓိကအရေးပါသည့်အချက်ဖြစ်ပြီး နိုင်ငံတိုင်း၏ သွားကျန်းမာရေး မြှင့်တင်ရေးလုပ်ငန်းများ လုပ်ဆောင် ရာတွင် လူထုအတွက် ဈေးနှုန်းချိုသာပြီး အာနိသင်ပြည့် ဖလိုရိုဒ်သွားတိုက်ဆေးများ ပေါ်ထွန်းရေးကို အစိုးရဌာနများမှ ဦးဆောင်၍ ဆေးပညာရှင်များအပါအဝင် ပုဂ္ဂလိကထုတ်လုပ်သူများထိ တက်ညီလက်ညီ ပါဝင်ဆောင်ရွက်နိုင်ရန် အမြဲတမ်းအကြံပြုလျက်ရှိပါသည်။

တစ်ဖန် ၂၀၀၇ ခုနှစ် စက်တင်ဘာလတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပီကင်းမြို့၌ ကျင်းပသည့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)၊ ကမ္ဘာ့သွားနှင့်ခံတွင်းကျန်းမာရေးအသင်း (FDI)၊ နိုင်ငံတကာ သွားနှင့်ခံတွင်းသုတေသနအသင်း (IADR) နှင့် တရုတ်နိုင်ငံ ခံတွင်းဘက်ဆိုင်ရာ ဆေးပညာအသင်း (CSA)တို့ ပူးပေါင်းဆောင်ရွက်သည့် အစည်းအဝေးကြီး၏ ကြေညာစာတမ်းတွင်လည်း သွားနှင့်ခံတွင်း ပြဿနာများကို ဖြေရှင်းရန် အစိုးရအဖွဲ့အစည်းများနှင့်အတူ သွားဘက်ဆိုင်ရာ၊ ဆေးဘက်ဆိုင်ရာ အဖွဲ့အစည်းအသီးသီးနှင့် ပညာရေးဌာန၊ စက်မှုကုန်ထုတ်ကဏ္ဍတို့ အပါအဝင် ပူးပေါင်းဆောင်ရွက်ကြပြီး ဖလိုရိုဒ်သွားတိုက်ဆေးများ လူတိုင်း အဖိုးနှုန်းချိုသာစွာ ဝယ်ယူအသုံးပြုနိုင်ရေး ကြိုးပမ်းပေးနိုင်ရန် တိုက်တွန်းထားပါသည်။ သို့မှသာ ကလေးသူငယ်များ အပါအဝင် လူထုတစ်ရပ်လုံးအတွက် သွားနှင့်ခံတွင်းရောဂါများ လျော့ကျပြီး ကုလသမဂ္ဂထောင်စုနှစ်ရည်မှန်းချက်များ ပြည့်မီရေးကို အထောက်အကူပြုနိုင်မည် ဖြစ်ပါကြောင်း ဖော်ပြထားပါသည်။

## သွားကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍ

မြန်မာနိုင်ငံအနေဖြင့် သွားနှင့်ခံတွင်း ကျန်းမာရေးစောင့်ရှောက်မှုကို ကျေးရွာများနှင့်ဝေးလံဒေသများထိ ရောက်ရှိစေရန် ပဏာမသွားနှင့်ခံတွင်းကျန်းမာရေးစောင့်ရှောက်မှုစီမံချက်ကို ၁၉၉၁ ခုနှစ်ကတည်းက စတင်အကောင်အထည်ဖော်ခဲ့ပါသည်။ ကျန်းမာရေးဝန်ကြီးဌာနနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သည့် စီမံချက်ပင် ဖြစ်ပါသည်။ ကျန်းမာရေးဝန်ကြီးဌာန၏ အဓိကရည်ရွယ်ချက်ကို အကောင်အထည်ဖော်သည့်အနေနှင့် အခြေခံကျန်းမာရေး ဝန်ထမ်းများကို သင်တန်းများပေးခဲ့ပြီး သွားကျန်းမာရေးပညာပေးခြင်းလုပ်ငန်း၊ အခြေခံနှင့် အရေးပေါ် သွားကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်စေခဲ့ပါသည်။ ထူးခြားချက်တစ်ခုမှာ စီမံချက်ဝင်မြို့နယ်များမှ မူလတန်းကျောင်းသား၊ ကျောင်းသူများအတွက် နေ့လယ်စာစားအပြီး ကျောင်းတွင်းသွားတိုက်လေ့ကျင့်ခန်းများ ပျိုးထောင်ပေးခဲ့ပြီးနောက် လေ့ကျင့်ခန်းများ စတင်နိုင်ရန်၊ သွားတိုက်ဆေးနှင့် သွားပွတ်တံများကိုလည်း အခမဲ့ ထောက်ပံ့ပေးခဲ့သည်။ ၁၉၉၂ ခုနှစ်တွင် ဤစီမံချက်မှစတင်၍ပင် ပညာပေးနံရံကပ်များ၊ လက်ကမ်းစာစောင်များနှင့်အတူ မြန်မာ့ရုပ်မြင်သံကြားမှ စနစ်မှန် သွားတိုက်နည်းစနစ်များကို ထပ်မံဖြန့်ချိခဲ့ပြန်ပါသည်။ သွားဘက်ဆေးဘက်ပညာရှင်များမှစ၍ ပြည်သူလူထုအတွင်းထိ သွားတိုက်ဆေးတွင် ဖလိုရိုဒ်ပါရှိမှသာ ရောဂါကို ကာကွယ်နိုင်ကြောင်း စတင်ပညာပေးခဲ့ခြင်းဖြစ်သည်။ စီမံချက်ဝင်မြို့နယ်များကို နှစ်စဉ် တိုးချဲ့အကောင်အထည်ဖော်ခဲ့ရာယနေ့အထိ စီမံချက်မြို့နယ် ၁၁၂ မြို့နယ်ထိ ကျယ်ပြန့်နေပြီး နယ်စပ်ဒေသများထိ ဖြန့်ကျက်လျက်ရှိပါသည်။

အာနိသင်ရှိသည့် သွားတိုက်ဆေး ရွေးချယ်ရသည့် အခက်အခဲကို ဖြေရှင်းနိုင်ရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်သော နယ်သာလန်နိုင်ငံအခြေစိုက် သွားနှင့်ခံတွင်း ကျန်းမာရေးမြှင့်တင်ရေးဌာနနှင့် ပူးပေါင်း၍ ၂၀၀၀ ပြည့်နှစ်အစကတည်းက သွားတိုက်ဆေးများ၏ အာနိသင်ကို ကျန်းမာရေးဦးစီးဌာနက စတင်စမ်းသပ်ခဲ့ရပြန်ပါသည်။ ၂၀၀၀-၂၀၀၁ ခုနှစ်တွင် ပုဂ္ဂလိကနှင့်အစိုးရထုတ် ဖလိုရိုဒ်သွား တိုက်ဆေးနှစ်မျိုး ပေါ်ပေါက်ခဲ့သော်လည်း ကျန်ပစ္စည်းများမှာ နိုင်ငံခြားမှတင်သွင်းလာရသည့် ဖလိုရိုဒ်သွားတိုက်ဆေးများသာဖြစ်သည်။ အမျိုးပေါင်း ၂၀ ကျော် စစ်ဆေးခဲ့ရာ နာမည်ရသွားတိုက်ဆေးများမှအပ ကျန်သွားတိုက်ဆေးများမှာ ဖလိုရိုဒ်အာနိသင် ပြည့်ဝစွာမပါဝင်ရုံမက အခြားစံချိန်စံညွှန်းများလည်း မပြည့်စုံနိုင်သေးပါ။ထို့ကြောင့် နယ်သာလန်နိုင်ငံ သွားနှင့်ခံတွင်း ကျန်းမာရေးမြှင့်တင်ရေးအဖွဲ့နှင့် ပူးပေါင်း၍ပင် ၂၀၀၁ ခုနှစ်မှအစပြု၍ ဖလိုရိုဒ်နှင့်ပတ်သက်သည့် သုတေသနများကို အခြေခံဆောင်ရွက်ခဲ့ပြီး လူထုအတွက် အဖိုးနှုန်းချိုသာပြီး ဖလိုရိုဒ်အာနိသင်အပြည့်အဝပါရှိသည့် သွားတိုက်ဆေးများ ပေါ်ထွန်းရေး အသိပညာပေးစီမံချက်ကို ၂၀၀၂ခုနှစ်မှအစပြု၍ ကျန်းမာ ရေးဦးစီးဌာန၊ သွားနှင့်ခံတွင်းဌာနစိတ်မှ ဆောင်ရွက်ခဲ့ရပြန်ပါသည်။ ပြည်တွင်းဖြစ်သွားတိုက်ဆေးထုတ်လုပ်သူများကို ထုတ်လုပ်နေသည့် သွားတိုက်ဆေးအမျိုးအလိုက် လိုအပ်နေသည့် စံချိန်စံညွှန်းများ၊ သွားတိုက်ဆေးဖော်စပ်ရာတွင် ထည့်သွင်းသင့်သည့် ဖလိုရိုဒ်အမျိုးအစား များနှင့် အာနိသင်ပျက်ပြယ်မှုမရှိစေရန် လိုက်ဖက်မည့် အခြားထည့်သွင်းသင့်သည့် ပစ္စည်းများကိုလည်း ပညာပေးခဲ့ပါသည်။

တစ်ဖန် ၂၀၀၆ ခုနှစ်တွင် မြန်မာနိုင်ငံ ဆေးပညာရှင်အဖွဲ့ကြီးနှင့် ပူးပေါင်း၍ ဖလိုရိုဒ်သွားတိုက်ဆေးများတွင် ယှဉ်တွဲဖော်ပြရမည့် မြန်မာဘာသာသုံးစွဲရန် အညွှန်းများ၊ ထုပ်ပိုးမှု၊ ဖော်ပြမှု လိုအပ်ချက်များကို ဖိတ်ခေါ်ဆွေးနွေးပွဲ ကျင်းပပြီး အသိပညာပေးခဲ့ရပြန်ပါသည်။ ဤစီမံချက်၏ အကျိုးဆက်များမှာ ကမ္ဘာပေါ်ရှိ ဖွံ့ဖြိုးဆဲနိုင်ငံအချို့တွင် မကြာမီနှစ်များအတွင်းဆီက ကြုံတွေ့ခဲ့ရသည့် သွားတိုက်ဆေးအချို့တွင် အဆိပ်အတောက်ဖြစ်စေသော ပစ္စည်းများပါဝင်ခြင်းမှ ကာကွယ်နိုင်ခဲ့သည့်အပြင် သွားရောဂါကာကွယ်နိုင်သည့် အာနိသင်ပြည့် သွားတိုက်ဆေးများ ပေါ်ထွန်းလာရုံမက မြန်မာဘာသာဖြင့် သုံးစွဲရန် အညွှန်းများ၊ သတ်မှတ်ထုပ်ပိုးဖော်ပြမှုများကို လိုက်ပါဆောင်ရွက်သည့် ပြည်တွင်းဖြစ်သွားတိုက်ဆေးများ ပေါ်ထွန်းလာခြင်းပင်ဖြစ်ပါသည်။ ယခုဆိုလျှင် အာနိသင်ပြည့် သွားတိုက်ဆေး ၁၈ မျိုးထိ ပေါ်ထွန်းလာပြီ ဖြစ်ပါသည်။ ပြည်တွင်းဖြစ် ဖလိုရိုဒ်သွားတိုက်ဆေး စုစုပေါင်း ထုတ်လုပ်မှုကိုကြည့်မည်ဆိုလျှင်လည်း ၂၀၀၂ ခုနှစ်တွင် ၇၂၅ တန်သာ ထွက်ရှိခဲ့ရာမှ ၂၀၀၇ ခုနှစ်တွင် ၁၈၄၈ တန်ထိ တိုးတက်ထုတ်လုပ်နိုင်သည်ကို တွေ့ရှိရပါသည်။ ဤအချက်ကို ထောက်ရှုလျှင်ပင် ပြည်သူလူထုအတွင်းတွင် မှန်ကန်သည့် သွားနှင့်ခံတွင်း ကျန်းမာရေးဆိုင်ရာ အလေ့အကျင့်များ တိုးတက်လာကြောင်း ထင်ရှားပါသည်။ ပတ်ဝန်းကျင်နိုင်ငံများအနက် နီပေါနိုင်ငံတွင်လည်း သွားတိုက်ဆေးများတွင် ဖလိုရိုဒ် စတင်ထည့်သွင်းနိုင်ရေး စီမံချက်နှင့် ဆောင်ရွက်ခဲ့သလို ဖိလစ်ပိုင်နိုင်ငံမှာလည်း ကျောင်းတွင်းသွားတိုက်အသင်းများတွင် အသုံးပြုရန် သီးသန့် ဖလိုရိုဒ်သွားတိုက်ဆေးတစ်မျိုး ထုတ်လုပ်နိုင်ခဲ့ကြသည်။

၂၀၀၇ ခုနှစ်တွင် နယ်သာလန်နိုင်ငံ၌ ဓာတ်ခွဲစစ်ဆေးချက်များအရ မြန်မာနိုင်ငံ၏ ဖလိုရိုဒ်သွားတိုက်ဆေးများအနက် အာနိသင်ပြည့် သွားတိုက်ဆေးများနှင့် ဖိလစ်ပိုင်နိုင်ငံမှ အာနိသင်ပြည့် သွားတိုက်ဆေးများကို အရည်အသွေးအသိအမှတ်ပြုနိုင်ရန် ၎င်းဌာနတွင် စမ်းသပ်စစ်ဆေးပြီးကြောင်း၊ ဘူးပေါ်တွင် စာတမ်းနှင့် ဖော်ပြခွင့်ကို ၂၀၀၈ခုနှစ် ဇန်နဝါရီလတွင် ပေးအပ်ခဲ့ပါသည်။ သို့သော် ဤအခွင့်အရေးကို အသုံးပြု၍ သုံးစွဲသူများ ဇဝေဇဝါဖြစ်အောင် စီးပွားရေးအလို့ငှာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)မှ တိုက်ရိုက်ပေးအပ်သကဲ့သို့ မကြော်ငြာကြရန် တားမြစ်ချက်များကိုလည်း ထုတ်ပြန်ထားရပါသည်။ အကြောင်းမှာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ ကုန်ပစ္စည်းအသိအမှတ်ပြုလုပ်ငန်းများ ပြုလုပ်ခြင်းမရှိပါ။

၂၀၀၈ ခုနှစ် စက်တင်ဘာလ ၁၂ ရက် ပထမအကြိမ် ကမ္ဘာ့သွားနှင့်ခံတွင်း ကျန်းမာရေးနေ့ အခမ်းအနားတွင် နယ်သာလန်နိုင်ငံမှ သွားနှင့်ခံတွင်း အတိုင်ပင်ခံ ပါမောက္ခကိုယ်တိုင် တက်ရောက်၍ မြန်မာနိုင်ငံ၏ သွားနှင့်ခံတွင်း ကျန်းမာရေးအောင်မြင်မှုကဏ္ဍအား-

**"သွားပိုးစားရောဂါတိုက်ဖျက်ရေးတွင် မြန်မာနိုင်ငံ၏ထူးခြားတဲ့ အောင်မြင်မှုမှတ်တိုင်တစ်ခု"**ဟု ခေါင်းစဉ်တပ်၍ အောက်ပါအတိုင်း ထည့်သွင်းချီးကျူး ဂုဏ်ပြုသွားခဲ့ပါသည်။

"ကမ္ဘာအနှံ့တွင် သွားနှင့်ခံတွင်းရောဂါများကြောင့် သွားကျန်းမာရေးဝန်ထုပ်ဝန်ပိုးမှာ သွားပိုးစားရောဂါနှင့် ၎င်းရောဂါကို ထိထိရောက်ရောက် ကာကွယ်မှုမပေးနိုင်ခြင်းကြောင့်ဖြစ်ကြောင်း။

မြန်မာနိုင်ငံ၏ သွားကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းသည် ကမ္ဘာ့သွားနှင့်ခံတွင်း ကျန်းမာရေးစောင့်ရှောက်မှု လမ်းစဉ်များအတိုင်း လိုအပ်ချက်များကို တညီတညွတ်တည်း ပီပြင်အောင် လုပ်ဆောင်ဖြည့်ဆည်းနိုင်ခဲ့ကြောင်း။

အာနိသင်ပြည့် ပြည်တွင်းဖြစ် ဖလိုရိုဒ်သွားတိုက်ဆေး မရှိလောက်အောင် ရှားပါးသည့်အခြေအနေမှ ယခုဖလိုရိုဒ်သွားတိုက်ဆေးများ တွင်ကျယ်သည့် ဈေးကွက်သို့ ပြောင်းလဲလာအောင် ဆောင်ရွက်နိုင်သည့်အတွက် သွားကျန်းမာရေးကို အထောက်အကူပြုရုံမက တစ်နည်းအားဖြင့် အတုအပများ ဝင်ရောက်မည့်အရေးကိုလည်း ကာကွယ်ရာရောက်ကြောင်း၊ လူထုအကျိုးအတွက် ကဏ္ဍအသီးသီးမှ လက်တွဲဖော်များ၏ ပူးပေါင်းပါဝင်မှုနှင့် ယုံကြည်မှုကိုရယူနိုင်သည့် ထူးခြားသည့် အောင်မြင်မှုပင်ဖြစ်ကြောင်း" မှတ်ကြားဂုဏ်ပြုသွားပါသည်။

ကျွန်တော်တို့ မြန်မာနိုင်ငံအနေဖြင့် ယခုဆိုလျှင် ပဏာမ သွားနှင့်ခံတွင်းကျန်းမာရေး စောင့်ရှောက်မှုစီမံချက်ဖြင့် ကျေးရွာအောက်ခြေအထိ သွားကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်အကောင်အထည်ဖော်လျက်ရှိနေပြီဖြစ်သည်။ သွားကျန်းမာရေးမြှင့်တင်ရေးအတွက် ရောဂါကာကွယ်ရေးတွင် အဓိကလိုအပ်သည့် အာနိသင်ပြည့် ဖလိုရိုဒ်သွားတိုက်ဆေးများလည်း တွင်ကျယ်စွာ ပေါ်ပေါက်ခဲ့ပြီဖြစ်သည်။ သို့သော်သတိချပ်ရမည်မှာ ဤအချက် နှစ်ချက်တည်းဖြင့် သွားကျန်းမာရေး အလိုအလျောက် တိုးတက်မြင့်မားလာလိမ့်မည် မဟုတ်ပါ။ လူတိုင်းကလည်း ကိုယ့်ဘက်မှ ဝါယမ စိုက်ထုတ်ရပါလိမ့်မည်။ သွားကျန်းမာရေး၏ အဓိကသော့ချက်ဖြစ်သည့် တစ်ကိုယ်ရေ ကျန်းမာရေးစောင့်ရှောက်မှု တစ်နေ့နှစ်ကြိမ် ဖလိုရိုဒ်သွားတိုက်ဆေးဖြင့် သွားတိုက်သည့် ကျန်းမာရေးအမူအကျင့်ကို စွဲစွဲမြဲမြဲ ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ အထူးသဖြင့် ကလေးသူငယ်များ သွားစပေါက်သည့် အချိန်မှစ၍ သွားတိုက်သည့် အလေ့အကျင့်ကို ပျိုးထောင်ရန်အလွန်အရေးကြီးပါသည်။ ၎င်းအတွက် ရရှိမည့်အကျိုးကို ဖော်ပြပါမည်။ ကမ္ဘာ့သွားနှင့်ခံတွင်းသုတေသနများ၏ တွေ့ရှိချက်အရ နှစ်နှစ်အတွင်းတွင် ရောဂါ ၄၀ ရာခိုင်နှုန်း လျော့ကျ၍ တစ်ဘဝလုံးအတွက်ဆိုလျှင် သွားပိုးစားရောဂါနှင့် ၎င်း၏ကွင်းဆက်ပြဿနာများကို မကြုံရအောင် ရှောင်ရှားနိုင်မည် ဖြစ်ပါသည်။ "အာရောဂျံပရမံလာဘံ"ဆိုသည့် အဆုံးအမနှင့်အညီ ခံတွင်းကျန်းမာ၍ ဘဝချမ်းသာမှုကို မလွဲမသွေ ရရှိကြလိမ့်မည်ဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။ ။

**❐ အတွင်းရေးမှူး(၁)မှ**

ငွေပေးအမိန့်လက်မှတ်များရောင်းချခြင်း ဘဏ် ဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

မြန်မာ့စီးပွားရေးဘဏ်(နေပြည်တော်)သည် မြေဧရိယာ၂၂ဧက ကျယ်ဝန်းပြီး ပင်မအဆောက်အအုံ အလျားပေ၁၈၀၊ အနံ ပေ၁၅၀၊ အမြင့် ၅၄ပေ ၉လက်မရှိကာ ပင်မအဆောက်အအုံ၊အစည်းအဝေးခန်းမ၊ ကွန်ပျူတာခန်းမ၊ ရုံးခန်းမများ၊ ဘဏ်ခန်းမ၊ ငွေတိုက်၊ လုံခြုံရေးအဆောက်၊သိုလှောင်ခန်း အဆောက်အအုံများ ပါဝင်ဖွဲ့စည်း တည်ဆောက်ထားကြောင်းသိရှိရသည်။

(သတင်းစဉ်)

## စက်ခလုတ်နှိပ် ဖွင့်လှစ်

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး မြန်မာ့စီးပွားရေးဘဏ်(နေပြည်တော်) အဆောက်အအုံသစ် ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။** (သတင်းစဉ်)





# အာဆီယံ-တရုတ် ပြန်ကြားရေးနှင့်မီဒီယာပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲ ကျင်းပ မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက်မိန့်ခွန်းပြောကြားပြီး နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုး

နေပြည်တော် အောက်တိုဘာ ၂၁

**အာဆီယံ-တရုတ် ပြန်ကြားရေးနှင့် မီဒီယာပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို အောက်တိုဘာ ၁၆ရက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းမြို့၌ ကျင်းပရာ ပြည်ထောင်စုမြန်မာနိုင်ငံတော် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ကြသည်။**

အာဆီယံ-တရုတ် ပြန်ကြားရေးနှင့် မီဒီယာပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို နံနက် ၉ နာရီ မိနစ်၂၀တွင် နန်နင်းမြို့ရှိ Liyuan Resort ရှိ International Conference Centre ၌ စတင်ကျင်းပသည်။

အဆိုပါ လက်မှတ်ရေးထိုးပွဲ အခမ်းအနားသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ပြန်ကြားရေးဌာနဝန်ကြီး Mr. Wang Chang နှင့် ပြန်ကြားရေးနှင့် မီဒီယာကဏ္ဍဆိုင်ရာ အကြီးအကဲများ၊ တာဝန်ရှိသူများ၊ အာဆီယံနိုင်ငံများမှ ပြန်ကြားရေးဆိုင်ရာ ဝန်ကြီးများ၊ ကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ယင်းအခမ်းအနားတွင် တရုတ်နှင့်အာဆီယံနိုင်ငံများမှ ပြန်ကြားရေးဆိုင်ရာဝန်ကြီးများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြန်ကြားရေးနှင့်မီဒီယာကဏ္ဍဆိုင်ရာ အကြီးအကဲများက တရုတ်နှင့်အာဆီယံနိုင်ငံများအကြား ပြန်ကြားရေးနှင့်မီဒီယာကဏ္ဍ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ဆောင်ရွက်ရေးဆိုင်ရာများနှင့် စပ်လျဉ်း၍ အသီးသီး မိန့်ခွန်းပြောကြားကြသည်။

မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ပြည်ထောင်စုမြန်မာနိုင်ငံတော် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းကလည်း တရုတ်-မြန်မာ ချစ်ကြည်ရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာများ၊တရုတ်-အာဆီယံနိုင်ငံများအကြား ပြန်ကြားရေးနှင့် မီဒီယာကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာများ၊မီဒီယာကဏ္ဍနှင့်စပ်လျဉ်း၍အင်အားကြီးနိုင်ငံများက မီဒီယာနည်းဖြင့် လွှမ်းမိုးချုပ်ကိုင်နေမှုများကို တားဆီးကာကွယ်နိုင်ရန်အတွက် မီဒီယာဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်းတစ်ရပ် ထူထောင်ရေးဆိုင်ရာများကို ရှင်းလင်းပြောကြားသည်။

ညနေပိုင်းတွင် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခြင်း အစီအစဉ်ကို ကျင်းပရာ တရုတ်နှင့်အာဆီယံ နိုင်ငံများမှ ပြန်ကြားရေးဆိုင်ရာ ဝန်ကြီးများက အာဆီယံ-တရုတ် ပြန်ကြားရေးနှင့် မီဒီယာ ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာကို တစ်ဦးချင်းလက်မှတ်ရေးထိုးကြသည်။ မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းကလည်း ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရကိုယ်စား နားလည်မှုစာချွန်လွှာကို ပါဝင်လက်မှတ်ရေးထိုးခဲ့သည်။

နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပြီးနောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြန်ကြားရေးဌာန ဒုတိယဝန်ကြီး Mr. Qian Xiaoqian က အာဆီယံ-တရုတ် ပြန်ကြားရေးဆိုင်ရာ ဝန်ကြီးများအစည်းအဝေးမှ ထုတ်ပြန်ခဲ့သည့် နန်နင်းပူးတွဲ ကြေညာချက်ကို ထုတ်ပြန်ကြေညာခဲ့သည်။

ညနေ၅နာရီ၄၅မိနစ်တွင် အာဆီယံ-တရုတ် ပြန်ကြားရေးနှင့် မီဒီယာ ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲအခမ်းအနား အောင်မြင်စွာ ပြီးဆုံးခဲ့ကြောင်းသတင်းရရှိသည်။ (သတင်းစဉ်)






### မိန့်ခွန်းပြောကြား

**ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း အာဆီယံ-တရုတ် ပြန်ကြားရေး နှင့် မီဒီယာပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးပွဲ အခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။**

(သတင်းစဉ်)

### မြန်မာ့စီးပွားရေးဘဏ်(နေပြည်တော်) အဆောက်အအုံသစ်

**မြန်မာ့စီးပွားရေးဘဏ်(နေပြည်တော်) အဆောက်အအုံသစ်ကို တွေ့ရစဉ်။** (သတင်း - ကျော်ဖုံး) (သတင်းစဉ်)



# ရခိုင်သဟာယအသင်း (ရန်ကုန်) ၂၀၀၈ - ၂၀၀၉ ပညာသင်နှစ်အတွက် ပညာသင်ဆုလျှောက်လွှာများခေါ်ယူ

**ရန်ကုန် အောက်တိုဘာ ၂၁**

ရခိုင်သဟာယအသင်း(ရန်ကုန်)သည် ၁၉၈၁ ခုနှစ်မှစ၍ အထောက်အပံ့လိုအပ်သော တက္ကသိုလ်၊ ကောလိပ်များမှ ရခိုင်ကျောင်းသား၊ ကျောင်းသူများအတွက်ပညာသင်ဆုများပေးအပ်လျက်ရှိရာ ၂၀၀၈- ၂၀၀၉ ခုနှစ်၊ ပညာသင်နှစ်အတွက် ပညာသင်ဆုများပေးအပ်မည်ဖြစ်သဖြင့် အထောက်အပံ့လိုအပ်သော ကျောင်းသား၊ ကျောင်းသူများသည် ဦးခင်မောင်စိုး ဖုန်း-၅၅၂၁၂၆၊ ဦးမျိုးဆွေ ဖုန်း-၀၉၅၀၀၁၁၈၀၊ ဦးဇော်အေးမောင် ဖုန်း-၀၉၅၁၄၀၄၀၇၊ ဦးကျော်ရင် ဖုန်း-၀၉၅၁၂၆၄၈၉၊ ဦးထွန်းနိုင် ဖုန်း-၀၉၅၀၁၃၈၈၇၊ ဦးလှမောင်သိန်း ဖုန်း-၀၉၅၁၃၉၇၉၀၊ ဒေါက်တာမြနှင်းအေး ဖုန်း-၀၉၅၀၂၁၄၃၂၊ ဒေါ်စန်းစန်းအေး ဖုန်း-၀၉၅၀၅၈၁၃၆၊ ဦးဇော်ဝင်း ဖုန်း-၀၉၅၀၀၆၈၂၀၊ ဦးမြင့်ကျော် ဖုန်း-၀၉၅၀၆၄၆၅၃တို့နှင့် ရခိုင်ပြည်နယ် မြို့နယ်များရှိ အသင်းကိုယ်စားလှယ်များထံ ဆက်သွယ်ကာ လျှောက်လွှာများ ရယူ၍ အမှတ် (၁၁၅)၊ ပထမထပ် (ညာ)၊ သမိန်ဗရမ်းလမ်း၊ တာမွေကြီး (က-ခ) ရပ်ကွက်၊ တာမွေအဝိုင်းထိပ်အနီး တာမွေမြို့နယ်သို့ ဒီဇင်ဘာ ၂၁ ရက် နောက်ဆုံးထား လျှောက်ထားနိုင်ကြောင်းနှင့် ပညာသင်ဆုလှူဒါန်းလိုသူအလှူရှင်များကိုလည်း ဖိတ်ခေါ်ထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆဋ္ဌမနေ့ပြိုင်ပွဲများ သတ်မှတ်နေရာအသီးသီး၌ ဆက်လက်ကျင်းပ

နေပြည်တော် အောက်တိုဘာ ၂၁

**(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ဆဋ္ဌမနေ့ ပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် နေပြည်တော်ရှိ သတ်မှတ်နေရာအသီးသီးတို့၌ ဆက်လက်ကျင်းပကြသည်။**



**ဝါသနာရှင်အဆင့် (ဒုတိယတန်း)အမျိုးသားခေတ်ဟောင်းကာလပေါ် အဆိုပြိုင်ပွဲတွင် ရှမ်းပြည်နယ်မှ ဦးသန်းတင် ပါဝင်ယှဉ်ပြိုင်စဉ်။**(သတင်းစဉ်)

အဆိုပါပြိုင်ပွဲများသို့ (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်၊ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ဝင်းစိန်၊ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖေသန်း၊ ဒုတိယရှေ့နေချုပ် ဦးမြင့်နိုင်၊ ပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီ အတွင်းရေးမှူး အနုပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရန်နိုင်ဦးနှင့် ကော်မတီဝင်များ၊ ဗဟိုအကဲဖြတ် ပညာရှင်များ၊ ပြည်နယ်နှင့်တိုင်းများမှ အကဲဖြတ် ပညာရှင်များ၊ ပြိုင်ပွဲဝင်အသင်း ကြီးကြပ်သူများ၊ ပြိုင်ပွဲဝင်များနှင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အနုသုခုမပညာကို လေးစားတန်ဖိုးထားကြသော ပြည်သူများ ပျော်ရွှင်စွာ တက်ရောက်ကြည့်ရှု အားပေးကြသည်။

ပြိုင်ပွဲ၏ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသား ခေတ်ဟောင်း ကာလပေါ် အဆိုပြိုင်ပွဲကို နံနက် ၉ နာရီတွင် စိုက်ပျိုးရေးတက္ကသိုလ်စုဝေးခန်းမ၌ ကျင်းပရာ မကွေးတိုင်းမှ ဦးမျိုးခိုင်၊ ရန်ကုန်တိုင်းမှ ဦးတိုင်းချစ်၊ ရှမ်းပြည်နယ်မှ ဦးသန်းတင်၊ တနင်္သာရီတိုင်းမှ ဦးပြည့်ဖြိုးလင်း၊ စစ်ကိုင်းတိုင်းမှ ဦးလင်း၊ မန္တလေးတိုင်းမှ ဦးဇော်ထွေးလတ်၊ ကချင်ပြည်နယ်မှ ဦးဘိုတင်၊ ကယားပြည်နယ်မှ ဦးဝင်းအောင်၊ ပဲခူးတိုင်းမှ ဦးအေးလွင်၊ ရခိုင်ပြည်နယ်မှ ဦးဘိုသန်းထိုက်၊ မွန်ပြည်နယ်မှ မောင်ခင်မောင်ဇော်၊ မန္တလေးတိုင်းမှ ဦးရွှေစင်ထွန်းမင်း၊ ချင်းပြည်နယ်မှ ဦးသန်းဇော်၊ ဧရာဝတီတိုင်းမှ ဦးသန်းဝင်းအောင်၊ ကရင်ပြည်နယ်မှ မန်းသာတိုးနှင့် ရန်ကုန်တိုင်းမှ ဦးထွန်းထွန်းဦးတို့က"ဗုဒ္ဓဂုဏ်ရည်ခြောက်ရောင်ခြည်" သီချင်းဖြင့် ပြိုင်ပွဲဝင်ကြသည်။

ယင်းနောက် မွန်းလွဲပိုင်းတွင် အဆင့်မြင့်ပညာအဆင့် အမျိုးသမီး ခေတ်ဟောင်း၊ ကာလပေါ် အဆိုပြိုင်ပွဲကို ကျင်းပရာ ရှမ်းပြည်နယ်မှ မမျိုးနှင်းသဇင်၊ ကရင်ပြည်နယ်မှ မခင်မိုးဟိန်း၊ကချင်ပြည်နယ်မှ မဆုမွန်ဦး၊ ဧရာဝတီတိုင်းမှ မသိန်းသိန်းဌေး၊ မွန်ပြည်နယ်မှ မဝင်းမာအေး၊ မကွေးတိုင်းမှ မဟေမာသက်ပိုင်ကျော်၊ ရန်ကုန်တိုင်းမှ မသီရိစုဝေ၊ စစ်ကိုင်းတိုင်းမှ မအိအိပြုံး၊ရန်ကုန်တိုင်းမှ မသူဇာနွယ်၊ ပဲခူးတိုင်းမှ မချယ်ရီဝင်း၊ ရခိုင်ပြည်နယ်မှ မသန်းသန်းဆင့်၊ တနင်္သာရီတိုင်းမှ မဝေယံမိုး(ခ)မိုးမိုး၊ မန္တလေးတိုင်းမှ မခင်သီတာမြိုင်နှင့် မရတနာဦးနှင့် ကယားပြည်နယ်မှ မချောစုတို့က "တောသူအချစ်"သီချင်းဖြင့် သီဆိုပြိုင်ပွဲဝင်ကြသည်။

ပြိုင်ပွဲ၏ အခြေခံပညာအဆင့် အသက်(၁၅)နှစ်မှ (၂၀)အထိ အမျိုးသမီး အကပြိုင်ပွဲကို နံနက် ၉နာရီတွင် မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ ရခိုင်ပြည်နယ်မှ မနှင်းနှင်းစော၊ ရန်ကုန်တိုင်းမှ မသူဇာလှိုင်နှင့် မရွှေစင်မြင့်၊ ပဲခူးတိုင်းမှ မဝင့်ရွှေရည်ဝင်း၊ မွန်ပြည်နယ်မှ မဖြူဖြူအောင်၊ ကချင်ပြည်နယ်မှ မပြုံးအိစံ၊ ဧရာဝတီတိုင်းမှ မသက်နှင်းအိမ်၊ မန္တလေးတိုင်းမှ မသဲသဲလင်း၊ပဲခူးတိုင်းမှ မဇာဇာဝင်းကြည်၊ ဧရာဝတီတိုင်းမှ မနီလာသိမ်း၊ကရင်ပြည်နယ်မှ မိသီတာဦး၊ စစ်ကိုင်းတိုင်းမှ မမေသကြန်၊ မန္တလေးတိုင်းမှ မအေးသူဇော်၊ စစ်ကိုင်းတိုင်းမှ မဇင်မာအောင်၊ မွန်ပြည်နယ်မှ မဖြိုးဖြိုးခိုင်၊ ကချင်ပြည်နယ်မှ မနေနွယ်ဇင်လင်း၊ ချင်းပြည်နယ်မှ မေရီဗျက်လှော်မွေးနှင့် ကရင်ပြည်နယ်မှ မစိမ့်စမ်းရေအေးတို့ ဝင်ရောက် ယှဉ်ပြိုင်ကြသည်။

ပြိုင်ပွဲ၏ အရေးပြိုင်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်ကြသည့် ပြည်နယ်နှင့် တိုင်းများမှ ပြိုင်ပွဲဝင်များသည် ယနေ့တွင် နေပြည်တော်ရွာတော် အမှတ်(၇)တည်းခိုရေးစခန်းရှိ သတ်မှတ်နေရာ အသီးသီးတို့၌ သံစဉ်စာသား လေ့ကျင့်ကြသည်။

ပြိုင်ပွဲ၏ ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသား တယောထိုးပြိုင်ပွဲကို နံနက် ၉ နာရီတွင် သစ်တောသုတေသနဌာန စုဝေးခန်းမ၌ ကျင်းပရာ မန္တလေးတိုင်းမှ ဦးတင်ဝင်း၊ ရခိုင်ပြည်နယ်မှ ဦးခင်မောင်ရင်၊ရန်ကုန်တိုင်းမှ ဦးဘခက်၊ ဧရာဝတီတိုင်းမှ ဦးစည်သူအောင်၊ မန္တလေးတိုင်းမှ ဦးလှအောင်၊ ကချင်ပြည်နယ်မှ ဦးကြည်မောင်နှင့် ရန်ကုန်တိုင်းမှ ဦးလှသိန်းတို့က အမင်းမင်းခယ(သီချင်းခန့်) ဖြင့် ပြိုင်ပွဲဝင်ကြသည်။

ထို့နောက် မွန်းလွဲပိုင်းတွင် အခြေခံပညာအဆင့် အသက်(၅)နှစ်မှ (၁၀)နှစ်အထိ အမျိုးသား တယောထိုး ပြိုင်ပွဲကို ကျင်းပရာ ကချင်ပြည်နယ်မှ မောင်ဂျော်န်းဆိုင်းလတ်အောင်၊ ရန်ကုန်တိုင်းမှ မောင်ဇေယျအောင်၊ မန္တလေးတိုင်းမှ မောင်ပြည့်ဖြိုးဇော်နှင့် ရန်ကုန်တိုင်းမှ မောင်ဝိုင်းလမင်းအောင်တို့က ဝေဘာဂီရိ(ကြိုး)သီချင်းဖြင့် ယှဉ်ပြိုင်ကြသည်။

ဆက်လက်၍ အခြေခံပညာအဆင့် အသက်(၅)နှစ်မှ (၁၀)နှစ်အထိ အမျိုးသမီး တယောထိုးပြိုင်ပွဲကို ကျင်းပရာ ရန်ကုန်တိုင်းမှ မနော်စုသဲသဲအောင်၊ တနင်္သာရီတိုင်းမှ မရွှေရည်ရတနာ၊ ရန်ကုန်တိုင်းမှ မနော်မူစဲဝင်းနှင့် ဧရာဝတီတိုင်းမှ မနှင်းဥရွှေရည်တို့က"သီတာသီတာမြသား (ကြိုး)သီချင်း" ဖြင့် ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

ပြိုင်ပွဲ၏ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသမီး ပတ္တလားအတီးပြိုင်ပွဲကို နံနက် ၉ နာရီတွင် စိုက်ပျိုးရေးတက္ကသိုလ် စာသင်ခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်းမှ မခိုင်ဇာဝင်းနှင့် ပေါက်ကျော်မ၊ ရခိုင်ပြည်နယ်မှ ဒေါ်ခင်ခင်မြင့်တို့က "အောင်မင်္ဂလာ" ယိုးဒယားသီချင်းဖြင့် ပြိုင်ပွဲဝင်ကြသည်။

ယင်းနောက် မွန်းလွဲပိုင်းတွင် အခြေခံပညာအဆင့် အသက်(၁၀)နှစ်မှ (၁၅)နှစ်အထိ အမျိုးသား ပတ္တလားအတီးပြိုင်ပွဲကို ကျင်းပရာ မန္တလေးတိုင်းမှ မောင်သူရထက်နိုင်၊ ရှမ်းပြည်နယ်မှ မောင်ခန့်ဝင်း၊ ဧရာဝတီတိုင်းမှ မောင်အောင်ကိုဇော်၊ ပဲခူးတိုင်းမှ မောင်မျိုး၊ ကချင်ပြည်နယ်မှ မောင်ဝေယံပိုင့်၊ရန်ကုန်တိုင်းမှ မောင်မျိုးဇော်ထက်၊ စစ်ကိုင်းတိုင်းမှ မောင်ဇော်မင်းအောင်၊ မန္တလေးတိုင်းမှ မောင်ဗိုလ်ရဲထက်၊တနင်္သာရီတိုင်းမှ မောင်ဇော်တင့်လင်း၊မွန်ပြည်နယ်မှ မောင်မင်းအောင်ကျော်သူနှင့် ရန်ကုန်တိုင်းမှ မောင်စောနောင်တို့က "မိုးဒေဝါချိန်ခါလေ(ပတ်ပျိုး) သီချင်း" ဖြင့် ယှဉ်ပြိုင်ကြသည်။

ပြိုင်ပွဲ၏ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသား ဆိုင်းတစ်ဦးချင်းပြိုင်ပွဲကို နံနက်ပိုင်းတွင် စိုက်ပျိုးရေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းမှ မောင်ကျော်ဇင်မင်း(ခ) ရန်ကုန်မူဝံ၊ ဧရာတီတိုင်းမှ ဦးသက်နိုင်ချို၊ ကယားပြည်နယ်မှ ဦးစန်းလွင်၊ မန္တလေးတိုင်းမှ မောင်ဗိုလ်နိုင်၊ မကွေးတိုင်းမှ ဦးချစ်ဝင်းလှိုင်၊ မန္တလေးတိုင်းမှ ဂန္ထဝင်စစ်သွေး၊ ပဲခူးတိုင်းမှ မောင်ကျော်စိုးဟန်၊ ရန်ကုန်တိုင်းမှ ဦးအောင်မြင့်ဗိုလ်နှင့် စစ်ကိုင်းတိုင်းမှ စိန်စတား(ခ)မောင်မျိုးမြတ်ဦးတို့က "မှိုင်းမှိုင်းမြ (သီချင်းခံ)"ဖြင့် တီးခတ်ပြိုင်ပွဲဝင်ကြပြီး မွန်းလွဲပိုင်းတွင် အဆင့်မြင့်ပညာအဆင့် အမျိုးသား ဆိုင်းတစ်ဦးချင်း အတီးပြိုင်ပွဲကို ဆက်လက်ကျင်းပရာ ပဲခူးတိုင်းမှ မောင်ဇော်ဇော်နိုင်၊မန္တလေးတိုင်းမှ မောင်အောင်ဗိုလ်မင်း၊ မန္တလေးတိုင်းမှ မောင်အောင်ဗိုလ်ဟိန်း၊ ရန်ကုန်တိုင်းမှ မောင်ညီရဲသီဟ၊ ဧရာဝတီတိုင်းမှ မောင်လွင်ကိုကိုဦး၊ ရန်ကုန်တိုင်းမှ မောင်မြတ်မိုးပိုင်(ခ)ပိုင်ပိုင်နှင့် စစ်ကိုင်းတိုင်းမှ မောင်ညီညီလွင်တို့က ပြည်သပြေညှာ(ယိုးဒယား) သီချင်းဖြင့် ဝင်ရောက်ပြိုင်ပွဲဝင်ကြသည်။

ပြိုင်ပွဲ၏ ဝါသနာရှင် (ပထမတန်း) အမျိုးသား ဒုံမင်းတီးပြိုင်ပွဲကို နံနက် ၉ နာရီတွင် စိုက်ပျိုးရေးသုတေသနဦးစီးဌာန စုဝေးခန်းမ၌ ကျင်းပရာ မြန်ချာမြေကို (ပတ်ပျိုး) သီချင်းဖြင့် မကွေးတိုင်းမှ ဦးကျော်ဌေး၊ ရန်ကုန်တိုင်းမှ ဦးလှိုင်တင့်ဆွေ၊ ဧရာဝတီတိုင်းမှ ဦးမောင်ဟန်၊ ရန်ကုန်တိုင်းမှ ဦးတင့်ခိုင်နှင့် ပဲခူးတိုင်းမှ ဦးစိန်ဝင်းတို့က တီးခတ်ယှဉ်ပြိုင်ကြသည်။

ထို့နောက် အခြေခံပညာအဆင့် အသက်(၁၅)နှစ်မှ (၂၀)အထိ အမျိုးသား ဒုံမင်းတီး ပြိုင်ပွဲတွင် နန်းဘုံသီဟာဗွေ(ယိုးဒယား)သီချင်းဖြင့် ရန်ကုန်တိုင်းမှ မောင်အောင်စည်မင်းထက်နှင့် မောင်ဇေယျာစိုးဦး၊ ဧရာဝတီတိုင်းမှ မောင်သက်လွင်အောင်ထွန်းနှင့် ပဲခူးတိုင်းမှ မောင်သီဟလင်းတို့ ဝင်ရောက်တီးခတ် ပြိုင်ပွဲဝင်ကြသည်။



**အက ပြိုင်ပွဲ**

**အသက်(၁၅)နှစ်မှ (၂၀)အထိ အခြေခံပညာ အဆင့် အမျိုးသမီး အက ပြိုင်ပွဲတွင် ပဲခူးတိုင်းမှ မဝင့်ရွှေရည်ဝင်း ပါဝင်ယှဉ်ပြိုင်စဉ်။**
(သတင်းစဉ်)




**(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အရေးပြိုင်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်ကြသည့် ပြည်နယ်နှင့်တိုင်းများမှပြိုင်ပွဲဝင်များ သံစဉ်စာသားလေ့ကျင့်ကြစဉ်။**
(သတင်းစဉ်)

ယင်းနောက် မွန်းလွဲပိုင်းတွင် အခြေခံပညာအဆင့် အသက်(၅)နှစ်မှ (၁၀)နှစ်အထိ အမျိုးသား ဒုံမင်းတီးပြိုင်ပွဲကို ဆက်လက်ကျင်းပရာ သီရိဂေဟာ(ကာလပေါ်) သီချင်းဖြင့် ရန်ကုန်တိုင်းမှ မောင်ဗညားဦး၊ ပဲခူးတိုင်းမှ မောင်သာထက်စံနှင့် ရန်ကုန်တိုင်းမှ မောင်ဝေယံဖြိုးတို့ တီးခတ်ယှဉ်ပြိုင်ကြသည်။

ထို့နောက် အခြေခံပညာအဆင့် အသက်(၅)နှစ်မှ (၁၀)နှစ်အထိ အမျိုးသမီး ဒုံမင်းတီး ပြိုင်ပွဲတွင် သာယာ(ကြိုး)သီချင်းဖြင့် မန္တလေးတိုင်းမှ မအေးသဇင်၊ ရန်ကုန်တိုင်းမှ မခင်ပြည့်စုံအောင်နှင့် မမိမိနိုင်စိုး၊ မန္တလေးတိုင်းမှ မနှင်းအိခိုင်တို့က တီးခတ်ပြိုင်ပွဲဝင်ကြသည်။

(သတင်းစဉ်)



**အသက်(၅)နှစ်မှ (၁၀)နှစ်အထိ အခြေခံပညာအဆင့် အမျိုးသား တယောထိုးပြိုင်ပွဲတွင် ရန်ကုန်တိုင်းမှ မောင်ဇေယျအောင် ပါဝင်ယှဉ်ပြိုင်စဉ်။**
(သတင်းစဉ်)

## အလှဆုံး မြန်မာ

**ဆိုကြကကြ ရေးတီးကြနှင့်**
**အနုပညာ ပန်းမာလာတို့**
**လန်းဖြာတူစုံ အမုံအစွင့်**
**အပွင့်အခိုင် မွှေးသင်းကြိုင်သည်**
**ပြည်နိုင်ငံလုံး ပန်းစုံဖုံး၊**
**ပန်းလှစုံညီ မြန်မာပြည်တွင်**
**စည်သံပြောသံ သောသောညံလျက်**
**မှုဟန်ယဉ်ကျေး အလှသွေးကြွယ်**
**လူရေးထည်စွ တင့်တယ်လှသည်**
**ရွှန်းပမဆုံး ပီတိဖုံး၊**
**ပီတိခိုင်ဖြိုး မြန်မာမျိုးကား**
**အရိုးခံသက် အရွက်မဖုံး**
**တစ်သက်လုံးပ ပြုံးပျော်ကြည်နူး**
**ရွှင်မြူးတဝ ရပ်တည်ကြသည်**
**စံပြတန္ဒန်း အလှဆုံး။ ။**

[(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးအား ဂုဏ်ပြုလျက်...]

**ဒေါက်တာသန်းဦး**

# မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဝန်ကြီးနှစ်ဦးနှင့် တွေ့ဆုံဆွေးနွေးခဲ့

နေပြည်တော် အောက်တိုဘာ ၂၁

**တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းမြို့၌ အောက်တိုဘာ ၁၆ ရက်တွင် ကျင်းပခဲ့သည့် အာဆီယံ-တရုတ်ပြန်ကြားရေးနှင့်မီဒီယာ ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲ အခမ်းအနားသို့ ပြည်ထောင်စုမြန်မာနိုင်ငံတော် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။**

**တွေ့ဆုံဆွေးနွေး**

အာဆီယံ-တရုတ် ပြန်ကြားရေးနှင့်မီဒီယာ ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲ အခမ်းအနားသို့ တက်ရောက်ပြီးနောက် ပြည်ထောင်စုမြန်မာနိုင်ငံတော် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး Mr.Cai Wu နှင့် လည်းကောင်း၊နိုင်ငံတော်ကောင်စီ ပြန်ကြားရေးဌာန ဝန်ကြီး Mr.Wang Chang နှင့်လည်းကောင်း သီးခြားစီ တွေ့ဆုံဆွေးနွေးခဲ့သည်။

ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် အောက်တိုဘာ ၁၇ ရက် ညနေ ၃ နာရီတွင် ပေကျင်းမြို့ရှိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယဉ်ကျေးမှုဝန်ကြီးဌာန၌ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး Mr.Cai Wu နှင့် တွေ့ဆုံ၍ တရုတ်-မြန်မာ နှစ်နိုင်ငံ ရင်းနှီးချစ်ကြည်မှုတိုးမြှင့်ရေးဆိုင်ရာများ၊ ယဉ်ကျေးမှုနှင့် ပြန်ကြားရေး ပူးပေါင်း ဆောင်ရွက်ရေးဆိုင်ရာများ၊ နှစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။

**အမြင်ချင်းဖလှယ်**

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ပြန်ကြားရေးဌာန ဝန်ကြီး Mr.Wang Chang က အောက်တိုဘာ ၁၇ ရက် ည ၇ နာရီ မိနစ် ၂၀ တွင် ပေကျင်းမြို့ Raffles Beijing Hotel ၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံရာ ညစာမသုံးဆောင်မီတွင် နှစ်နိုင်ငံဝန်ကြီးများသည် တရုတ်-မြန်မာ နှစ်နိုင်ငံ ရင်းနှီးချစ်ကြည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာများ၊ နှစ်နိုင်ငံ ပြန်ကြားရေးနှင့် မီဒီယာကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာများ၊ နှစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အပြန်အလှန် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး အမြင်ချင်း ဖလှယ်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



**ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး Mr.Cai Wu တို့ ပေကျင်းမြို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယဉ်ကျေးမှုဝန်ကြီးဌာန၌ တွေ့ဆုံဆွေးနွေးကြစဉ်။** (သတင်းစဉ်)



**ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ပြန်ကြားရေးဌာန ဝန်ကြီး Mr. Wang Chang တို့ ပေကျင်းမြို့ Raffles Beijing Hotel ၌ တွေ့ဆုံဆွေးနွေးစဉ်။**

(သတင်းစဉ်)

## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

**၂၂-၁၀-၂၀၀၈ (ဗုဒ္ဓဟူးနေ့)**

**နံနက်ပိုင်း**

၇း၀၀ ၁။ တောင်တန်း သာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇း၅၀ ၅။ အတီးပြိုင်ပွဲ
၈း၀၀ ၆။ သီချင်းကြီးပဒေသာ
၈း၁၀ ၇။ အကပြိုင်ပွဲ
၈း၁၅ ၈။ **“ကျွမ်းတိုင်း မကြမ်းနဲ့” (လွှမ်းထက်၊ သတ္တိ၊ ဖြိုးမောင်မောင်၊ သဇင်၊ နန်းဆုရတီစိုး၊ စုချစ်ဇော်) (ဒါရိုက်တာ-ဇော်လှထက်)**
၈း၃၀ ၉။ International News.
၈း၄၀ ၁၀။ မျိုးမျိုးကွဲကွဲယဉ်ကျေးမှုအက
၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

**ညပိုင်း**

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀ ၂။ အကပြိုင်ပွဲ
၄း၁၅ ၃။ ပြည်ထောင်စု တိုင်းရင်းသား ရိုးရာ တေးသံသာ
၄း၂၅ ၄။ တေးဂီတအစီအစဉ်
၄း၄၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ
- ဒုတိယနှစ် (အင်္ဂလိပ်စာအထူးပြု) (အင်္ဂလိပ်စာ)
၄း၅၅ ၆။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၅း၀၀ ၇။ အဆိုပြိုင်ပွဲ
၅း၁၀ ၈။ ဒဂုံသောက်ရေသန့်နှင့် အချိုရည် စက်ရုံ
၅း၂၀ ၉။ ရှုဖွယ်စုံလင် အာဆီယံ အစီအစဉ်
၅း၃၀ ၁၀။ ရသပေါ်လွင် သရုပ်ဆောင် လွင်ပြင်
၆း၀၀ ၁၁။ ညနေခင်းသတင်း
၆း၃၀ ၁၂။ မိုးလေဝသအခြေအနေ
၆း၃၅ ၁၃။ မြန်မာ့ဓလေ့ရိုးရာလက်ဆွေ့
၆း၅၀ ၁၄။ ထက်မြက်ပျော်ရွှင်အိမ်ထောင်ရှင်
၇း၁၅ ၁၅။ ဆိုလိုက်ကြစို့
၇း၄၀ ၁၆။ အတီးပြိုင်ပွဲ
၈း၀၀ ၁၇။ ပြည်တွင်းသတင်း
၁၈။ နိုင်ငံတကာသတင်းများ
၁၉။ မိုးလေဝသအခြေအနေ
၂၀။ ၂၀၀၈ခုနှစ် (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ
၂၁။ ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ (အခြေခံပညာ မူလတန်း အဆင့်)
၂၂။ အစီအစဉ်ပြီး၏။

## (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ နေ့ရက်အလိုက်ယှဉ်ပြိုင်ရမည့် ပြိုင်ပွဲအစီအစဉ်များ

| စဉ် | ရက်စွဲ | ပြိုင်ပွဲကျင်းပသည့်နေရာ | ပြိုင်ပွဲဘာသာရပ် | ပြိုင်ပွဲအဆင့် | အချိန် |
|---|---|---|---|---|---|
| ၇ | ၂၂-၁၀-၂၀၀၈ (ဗုဒ္ဓဟူးနေ့) | စိုက်ပျိုးရေးတက္ကသိုလ် (စုဝေးခန်းမ) | အဆို၊ မဟာဂီတ | အဆင့်မြင့်ပညာ(အမျိုးသား) | ၀၉း၀၀ |
| | | | အဆို၊ မဟာဂီတ | အခြေခံပညာအသက်(၅နှစ်ပြည့်မှ ၁၀နှစ်အတွင်း)(အမျိုးသမီး) | ၁၃း၀၀ |
| | | မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်(ဘွဲ့နှင်းသဘင်ခန်းမ) | အက | အဆင့်မြင့်ပညာ(အမျိုးသမီး) | ၀၉း၀၀ |
| | | | အက | အခြေခံပညာအသက်(၅နှစ်ပြည့်မှ ၁၀နှစ်အတွင်း)(အမျိုးသား) | ၁၃း၀၀ |
| | | | ဇာတ်သဘင် | ဘူရိဒတ်ဇာတ်တော်ကြီး(မကွေးတိုင်း) | ၁၉း၀၀ |
| | | သစ်တောသုတေသနဌာန (စုဝေးခန်းမ) | အတီး(မယ်ဒလင်) | ဝါသနာရှင်(ပထမတန်း)(အမျိုးသား)(အမျိုးသမီး) | ၀၉း၀၀ |
| | | | အတီး(မယ်ဒလင်) | အခြေခံပညာအသက်(၁၅နှစ်ပြည့်မှ ၂၀အတွင်း)(အမျိုးသား)(အမျိုးသမီး) | ၁၃း၀၀ |
| | | စိုက်ပျိုးရေးတက္ကသိုလ် (စာသင်ခန်းမ) | အတီး(ဂီတာ) | ဝါသနာရှင်(ဒုတိယတန်း)(အမျိုးသား)(အမျိုးသမီး) | ၀၉း၀၀ |
| | | | အတီး(ဂီတာ) | အဆင့်မြင့်ပညာ(အမျိုးသား)(အမျိုးသမီး) | ၁၃း၀၀ |
| | | | အတီး(ဂီတာ) | အခြေခံပညာအသက်(၁၀နှစ်ပြည့်မှ ၁၅နှစ်အတွင်း)(အမျိုးသား)(အမျိုးသမီး) | |
| | | စိုက်ပျိုးရေးသုတေသန ဦးစီးဌာန(စုဝေးခန်းမ) | အတီး(နဲ) | အခြေခံပညာအသက်(၁၅နှစ်ပြည့်မှ ၂၀အတွင်း) | ၀၉း၀၀ |
| | | | အတီး(နဲ) | အခြေခံပညာအသက်(၁၀နှစ်ပြည့်မှ ၁၅နှစ်အတွင်း) | ၁၃း၀၀ |
| | | | အတီး(နဲ) | အခြေခံပညာအသက်(၅နှစ်ပြည့်မှ ၁၀နှစ်အတွင်း) | |
| | | စိုက်ပျိုးရေးတက္ကသိုလ် (ဘွဲ့နှင်းသဘင်ခန်းမ) | အတီး(ဆိုင်းအဖွဲ့လိုက်) | ဝါသနာရှင်(ဒုတိယတန်း)(အမျိုးသား) | ၀၉း၀၀ |
| | | အမှတ်(၇)တည်းခိုရေးစခန်း (သင်တန်းခန်းမဆောင်) | အရေး(သီချင်းပြိုင်ပွဲ) | ဝါသနာရှင်(ပထမတန်း)(အမျိုးသား/အမျိုးသမီး) | ၀၉း၀၀ |

## မကွေးတိုင်းကိုယ်စားပြု တိုင်းချစ်ရုပ်စုံအဖွဲ့ “မဟာဗုဒ္ဓဝင်တောထွက်ခန်း” ယှဉ်ပြိုင်တင်ဆက်

နေပြည်တော် အောက်တိုဘာ ၂၁

**(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ၏ “မဟာဗုဒ္ဓဝင်တောထွက်ခန်း” ရုပ်စုံသဘင်အဖွဲ့လိုက်ပြိုင်ပွဲ၌ မကွေးတိုင်းကိုယ်စားပြု တိုင်းချစ်ရုပ်စုံအဖွဲ့၏ ယှဉ်ပြိုင်တင်ဆက်မှုအစီအစဉ်ကို ယနေ့ည ၇ နာရီတွင် နေပြည်တော်ရှိ ရွာတော်အမှတ် (၇) တည်းခိုရေးစခန်း သင်တန်းခန်းမ၌ ကျင်းပသည်။**

အဆိုပါ ရုပ်စုံသဘင်အဖွဲ့လိုက်ပြိုင်ပွဲသို့ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၊ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒုတိယဗိုလ်မှူးကြီးခင်မောင်ကျော်၊ ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးသောင်းလွင်၊ ပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီ အတွင်းရေးမှူးနှင့်လုပ်ငန်းကော်မတီဝင်များ၊ ဗဟိုအကဲဖြတ် ပညာရှင်များ၊ ပြိုင်ပွဲဝင်များ၊ ရုပ်စုံသဘင်ပညာကို ချစ်မြတ်နိုးသော ပြည်သူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

မကွေးတိုင်းကိုယ်စားပြု တိုင်းချစ်ရုပ်စုံအဖွဲ့တွင် ဦးသန်းဝင်း ခေါင်းဆောင်၍ ဇာတ်ညွှန်းနှင့် ဒါရိုက်တာ တိုင်းချစ်တင်ဌေး၊ ကြိုးဆွဲခေါင်းဆောင် ဦးကျော်စိုးနှင့်အဖွဲ့၊ ဆို၊ ငို၊ ပြော ပညာရှင် တိုင်းချစ်တင်ဌေး၊ပံ့ပိုးဆိုင်း ပညာရှင် မန်းပန်တျာစိန်မြင့်လွင်နှင့် အဖွဲ့သားတို့က ဗုဒ္ဓလောင်းလျာသိဒ္ဓတ္ထမင်းသား တောထွက်တော်မူခန်းကို ရုပ်စုံသဘင်ပညာဖြင့် သရုပ်ဖော် ယှဉ်ပြိုင်တင်ဆက်သည်။ (သတင်းစဉ်)

## ရန်ကုန်တိုင်းမ်ဂျာနယ် ထွက်ရှိ

ရန်ကုန် အောက်တိုဘာ ၂၁

**‘ကမ္ဘာ့စီးပွားရေးအကျပ်အတည်းတွင် မြန်မာကို သိသိသာသာ မရိုက်ခတ်အောင် ဘာတွေ ပြင်ဆင်ထားဖို့ လိုမလဲ’** အကြောင်းနှင့်ပတ်သက်၍ စီးပွားရေးပညာရှင်များ၊ဘဏ်လုပ်ငန်း ကျွမ်းကျင်သူများ၏ သုံးသပ်ချက်များပါသည့် ရန်ကုန်တိုင်းမ်ဂျာနယ် အတွဲ(၄) အမှတ်(၄၁) ထွက်ရှိလာသည်။

ယင်းအပြင် စီးတီးအက်ဖ်အမ်မိုက်ခရိုဝေ့ဗ် ထပ်ဆင့်အသံလွှင့်ဌာန ဟိုတယ် ရန်ကုန်တွင်မကြာမီဖွင့်လှစ်မည်၊ အင်္ဂလန် NCC မှ ကျင်းပသည့်စာမေးပွဲ၌ မြန်မာကျောင်းသားတစ်ဦး တစ်ကမ္ဘာလုံးတွင် အမှတ်အများဆုံးရ၊ ရန်ကုန်-ချောက်-မန္တလေးလမ်းပေါ်ရှိ ဒေါင်းနေချောင်းတွင် ကြိုးတံတား တည်ဆောက်မည်၊ တတိယမြောက်နယ်စပ်ကုန်သွယ်ရေးဇုန်အဖြစ် ထူထောင်သွားမည့် မောင်တော နယ်စပ်ကုန်သွယ်ရေးဇုန်၊မြန်မာနိုင်ငံတွင် ပထမဆုံးဒီရေစွမ်းအင်ဖြင့် မီးပေးနိုင်မှုကြောင့် အာဆီယံစွမ်းအင် ဒုတိယဆု ချီးမြှင့်ခံရ၊ မုန်တိုင်းများ ထပ်မံဝင်ရောက်နိုင်သဖြင့် မြစ်ချောင်းအနီးနေထိုင်သူများ ဝါးဖောင်များဆောင်ထားရန်လို၊ ပြောရေးဆိုခွင့်ရပ်ကွက်မှ **လူငယ်နှင့် Chatting** အကြောင်း၊ ကြင်ရာဖက်ရှာတွေ့သွားတဲ့ ဟဲလေးနှင့်အတူ အခြားဖျော်ဖြေရေးသတင်းများ စသည့် ကဏ္ဍစုံလင်စွာဖြင့် ပြည်တွင်းရေးရာသတင်းများပါရှိသည်။

မိဘများအနေဖြင့် ကလေးငယ်တွေကို ပြည်ပတွင် ပြုစုပျိုးထောင်ရာ၌ စင်ကာပူ စျေးအပေါဆုံး၊ကမ္ဘာ့ငွေကြေးအကျပ်အတည်းနှင့် အခြားပြဿနာများကို လာမည့်အာဆီယံထိပ်သီးအစည်းအဝေးတွင် ဆွေးနွေးမည်၊ စင်ကာပူနိုင်ငံသားများ နိုင်ငံခြားသားများနှင့် လက်ထပ်သူဦးရေများပြား၊ အိမ်ထောင်သက် ၁၈နှစ်ကြာ ပေါင်းသင်းနေထိုင်ခဲ့သည့် ဇနီးမောင်နှံနှစ်ဦး လင်ခန်းမယားခန်း ပြတ်စဲခဲ့ပုံအကြောင်း၊ကျားဖြူနှစ်ကောင်ကို မိခင်ရင်းပမာ စောင့်ရှောက်ထားသည့် ချင်ပန်ဇီမျောက်မကြီး၊ မယ်လမင်းတွေ့သဖြင့် အက်စ်အင်ပီတံဆိပ် ထိုင်းဘီစကစ်များ ပြန်လည်သိမ်းဆည်း၊ရင်သားကင်ဆာထိုးဆေးတစ်မျိုးထွက်ပေါ်လာဖွယ်ရှိ **ခင်ပွန်းသည်သောက်သော ဖျော်ရည်ထဲတွင် ဆေးခတ်သတ်သည့် သီးစုံနို့အေးဖျော်ရည် လူသတ်မှု မှုခင်းရေးရာကဏ္ဍ၊ဟာသကဏ္ဍ၊ ပြောရဦးမယ် သူတို့က ဒီလိုတဲ့** ဖျော်ဖြေရေးကဏ္ဍ၊စီးပွားရေး၊နည်းပညာကဏ္ဍစုံလင်စွာပါရှိသည်။ (သတင်းစဉ်)

❀ လပွတ္တာမြို့နယ်မှ

အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေ၊ နိုင်ငံတော်နှင့် ပြည်တွင်း၊ ပြည်ပ အလှူရှင်များ၏ ထောက်ပံ့လှူဒါန်းပေးမှုကြောင့် စားဝတ်နေရေး အဆင်ပြေနေမှုအခြေအနေတို့နှင့် စပ်လျဉ်း၍ ရင်းရင်းနှီးနှီး ဤသို့ဖွင့်ဟပြောကြားခဲ့ကြပါသည်။

**လကုန်ရင် စပါးတွေ လှိုင်လှိုင်ပေါ်တော့မှာပါ**
**ဦးအောင်မြတ်၊ ကျောက်မှော်စံပြကျေးရွာ**

လက်ရှိလယ် ၂၆ဧက ရှိပါတယ်၊ ဆင်းသွယ်လတ်၊ မနောသုခ၊ ပေါ်ဆန်းရင်နဲ့ နှံကားစပါးတွေ စိုက်ထားပါတယ်။ ဒီလိုစိုက်နိုင်အောင်လည်း နိုင်ငံတော်က မျိုးစပါး ၂၅ တင်း၊ ဓာတ်မြေသြဇာ ၁၂ အိတ်၊ လယ်ယာ ၂၂ လက်တွန်းထွန်စက်နှင့်ထွန်ယက်ဆီတွေ၊ ပိုးသတ်ဆေးတွေ ထောက်ပံ့ပေးပါတယ်။ ကျွဲနွားမရှိတော့ပေမယ့် ထွန်စက်ရှိတာမို့ ထွန်ယက်ရတာ ပိုပြီး အဆင်ပြေသွားပါတယ်။ မျိုးစပါးကို ခါတိုင်းနှစ်ထက် ပိုစိုက်ရပါတယ်။ အခု ၉၅ ရာခိုင်နှုန်းလောက်အောင်မြင်ပါတယ်။ စားဝတ်နေရေး အခက်အခဲမတွေ့ရအောင် လက်ရှိထွန်တုံးပိတ်ကာလအထိ နိုင်ငံတော်နဲ့ ပြည်တွင်း၊ ပြည်ပ အဖွဲ့အစည်းတွေက ဆန်၊ ဆီ၊ ပဲ အပါအဝင် ထောက်ပံ့ရေးပစ္စည်းတွေ ထောက်ပံ့ပေးထားပါတယ်။ အခုအထိ စားနေရတုန်းပါပဲ။ အခုဒီလကုန်ဆိုရင် စပါးတွေ လှိုင်လှိုင်ပေါ်တော့မှာပါ။ စိုက်ပျိုးမှုက အရင်နဲ့အခု ဘာမှသိပ်မထူးပါဘူး။ ကျွန်တော်တို့ ကျောက်မှော်ကျေးရွာအုပ်စုမှာ လယ်ဧက လေးသောင်းကျော် ရှိပါတယ်။ အကုန်လုံးလည်း အောင်မြင်ဖြစ်ထွန်းနေတာကိုဆရာတို့ လှည့်လည်သွားရင်း မျက်မြင်ကိုယ်တွေ့ တွေ့ရမှာပါ။

**ပဲတီစိမ်းနဲ့နေကြာဆက်စိုက်မယ်**
**ဦးကျော်စိုး၊ ကျောက်မှော်စံပြကျေးရွာ**



ဦးကျော်စိုး (တောင်သူ)
(ကျောက်မှော်စံပြကျေးရွာ၊
လပွတ္တာမြို့နယ်)

လယ် ၁၂ ဧကရှိပြီး မနောသုခ၊ ဆင်းသွယ်လတ်နဲ့ရာသီစပါးဖြစ်တဲ့ နှံကားမျိုးတွေ စိုက်ပျိုးထားပါတယ်။ နိုင်ငံတော်က ထောက်ပံ့တဲ့ ကျွဲတစ်ကောင်၊ မျိုးစပါး၁၀တင်းနဲ့ ဓာတ်မြေသြဇာတွေ ရရှိခဲ့လို့ အခုလိုစိုက်ပျိုးနိုင်တာပါ။ မုန်တိုင်းကြောင့် မြေဆီလွှာ အနည်းငယ် ချို့ယွင်းမှုရှိပေမယ့် နိုင်ငံတော်က စိုက်ပျိုးရေးဝန်ထမ်းတွေ လွှတ်ပြီး သင်တန်းပို့ချပေးတဲ့အတွက်ခေတ်မီနည်းစနစ်တွေကို အသုံးပြုပြီး စိုက်ပျိုးနိုင်လို့ အဆင်ပြေသွားပါတယ်။ အခု မနောသုခနဲ့ဆင်းသွယ်လတ်ဆို တစ်ဧကကို တင်း၈၀ နီးပါးထွက်မှာ သေချာပါတယ်။ စပါးစိုက်စဉ်ကာလအတွင်းမှာလည်း ဆန်၊ ဆီ၊ ပဲအပါအဝင် ထောက်ပံ့ရေးပစ္စည်းတွေ ထောက်ပံ့ပေးထားတဲ့အတွက် အခက်အခဲမရှိပါဘူး။ အခုလကုန်တာနဲ့ ကျွန်တော် လယ်ငါးဧက စတင်ရိတ်ပါတော့မယ်။ အခု စပါးပြီးရင် ပဲတီစိမ်းနဲ့နေကြာဆက်စိုက်ပါမယ်။

**ပေါက်တူးပေါက်ပြားပါမကျန် ဖြန့်ဖြူးပေးထားပါတယ်**
**ဦးနေလင်း**
**ကျေးရွာအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ**



ဦးနေလင်း
(ကျောက်မှော်စံပြကျေးရွာ
အေးချမ်းသာယာရေးနှင့်
ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ)

ကျွန်တော်တို့ ကျောက်မှော်ရွာမှာ အိမ်ခြေ ၂၂၀ ရှိပြီး လူဦးရေ ၁၁၁၇ဦး ရှိပါတယ်။ တောင်သူကတော့၃၂၀နဲ့ လယ်ဧက၅၀၀၆ ဧကရှိပါတယ်။ တောင်သူတွေကို နိုင်ငံတော်နဲ့ ပြည်တွင်း၊ ပြည်ပ အဖွဲ့အစည်းတွေက ကျွဲ၊ နွား၊ လက်တွန်းထွန်စက်၊ မျိုးစပါး၊ ဓာတ်မြေသြဇာ၊ စိုက်ပျိုးစရိတ်ချေးငွေနဲ့ ပေါက်တူးပေါက်ပြားပါမကျန် ဖြန့်ဖြူးပေးထားပါတယ်။

စပါးစိုက်ပျိုးစဉ်ကာလမှာ စားဝတ်နေရေးအတွက် အခက်အခဲမရှိစေဖို့ဆန်၊ ဆီ၊ ပဲ၊ အဝတ်အစားနဲ့ ဖိနပ်ကအစ ပံ့ပိုးပေးပါတယ်။

**စပါးပြီးရင် ပဲတီစိမ်း၊ ဘိုကိတ်နဲ့နေကြာ ဆက်စိုက်မယ်**
**ဦးအုန်း၊ ရှမ်းစုကျေးရွာ**



ဦးအုန်း(တောင်သူ)
(ရှမ်းစုကျေးရွာလပွတ္တာမြို့နယ်)

လက်ရှိလယ်၁၀ဧကမှာ ပေါ်ဆန်း၊ မနောသုခမျိုးတွေစိုက်ပါတယ်။ ဘဏ်ချေးငွေရရှိပါတယ်။ ဓာတ်မြေသြဇာက နှစ်အိတ်၊ ပိုးသတ်ဆေး၊ မျိုးစပါးခြောက်တင်း၊ လယ်ယာ(၁၆) လက်တွန်းထွန်စက်တစ်စီးနဲ့ထွန်ယက်ဆီအဖြစ်လယ်တစ်ဧကကိုခြောက်ဂါလန်နှုန်း ရရှိပါတယ်။

ကျွန်တော်တို့ ဆန်တစ်အိတ်၊ ဆီငါးပိဿာအပါအဝင် ထောက်ပံ့ရေးပစ္စည်းတွေသုံးကြိမ်လောက်ဆက်တိုက်ရပါတယ်။ အခုစပါးပြီးရင် ပဲကြဲမယ်။ ပဲတီစိမ်း၊ ဘိုကိတ်နဲ့နေကြာစိုက်မယ်။ မွေးမြူရေးအနေနဲ့ ဝက်သုံးကောင်နဲ့ ကြက်မွေးထားတယ်။ အေးအေးချမ်းချမ်း၊ ပြည့်ပြည့်စုံစုံနဲ့ နေထိုင်ကြရပါတယ်။

**ပုစွန်ဖော့ချိတ်တွေ အမိများပါတယ်**
**ကိုကျော်ဝင်းတင်၊ မြခိုင်ကျေးရွာ**

ကျွန်တော်တို့ကို နိုင်ငံတော်က ရေလုပ်ငန်းတွေ ပြန်လုပ်ကိုင်နိုင်အောင် လှေနဲ့စက်တွေ ထောက်ပံ့ပေးပါတယ်။ ကျွန်တော်တို့ မိသားစု ကိုးဦးရှိပါတယ်။ လက်ရှိအချိန်ထိ ဆန်၊ ဆီ၊ ပဲတွေ ထောက်ပံ့ပေးထားပါတယ်။ ဒါကြောင့် ရေလုပ်ငန်းကို အဆင်ပြေပြေ လုပ်ကိုင်နိုင်နေပါတယ်။ လက်ရှိ ပုစွန်ဖော့ချိတ်တွေ အမိများပါတယ်။ လပွတ္တာမြို့က ဒိုင်မှာသွားသွင်းပါတယ်။ တစ်ခါ တစ်ခါ သွားသွင်းရင်း ငွေ ၇၀၀၀၊ ၈၀၀၀လောက် ရပါတယ်။

**ကျရေမှာ နေ့စဉ်ငါးပုစွန်တွေ ဖမ်းဆီးနိုင်လို့ ပုံမှန်ဝင်ငွေရရှိပါတယ်**
**ဦးမြင့်ဦး၊ သနပ်ဖက်ကျေးရွာအုပ်စု**

ကျွန်တော့်မှာ မိသားစု လေးယောက်ရှိပါတယ်။ ရေလုပ်ငန်းမစတင်မီမှာ နိုင်ငံတော်က ထောက်ပံ့ပေးခဲ့တဲ့အတွက် အဆင်ပြေပါတယ်။ ပြီးခဲ့တဲ့အပတ်က ဆန်တစ်အိတ်နဲ့ ဆီ၊ ပဲတွေ ထပ်ရပါတယ်။ ရေလုပ်ငန်းအတွက် လှေနဲ့စက်တွေပေးလို့အဆင်ပြေပါတယ်။ ရတဲ့ပုစွန်တွေကို ဒီမှာ ကုန်သည်အချို့လာကောက်ကြပါတယ်။ နေ့တိုင်းကျရေမှာ ဖမ်းတဲ့အတွက် ပုံမှန်ဝင်ငွေရရှိပြီးအဆင်ပြေပါတယ်။ အရင်ကဆို လပွတ္တာကို မိသားစုတွေနဲ့သွားရင် လက်နဲ့ပဲခတ်ရလို့ လက်ပန်းကျပြီး မြို့ပေါ်တောင် သိပ်မသွားနိုင်ပါဘူး။ အခုဆို စက်အထိုင်နဲ့ လှေဖြစ်လို့ ရောက်လို့ရောက်သွားမှန်းတောင် မသိတော့ပါဘူး။

**အခု ခါတိုင်းလိုရပ်တည်နိုင်ပါပြီ**
**ဦးခွေးလေး၊ မြခိုင်ကျေးရွာ**



ဦးခွေးလေး(ရေလုပ်သား)
(မြခိုင်ကျေးရွာ၊
လပွတ္တာမြို့နယ်)

မုန်တိုင်းတိုက်ပြီးစ ရက်ပိုင်းအတွင်းက အခက်အခဲတွေ ရှိခဲ့ပေမယ့် နိုင်ငံတော်က စားနပ်ရိက္ခာ၊ ဆေးဝါး၊ အဝတ်အစားပါမကျန် ထောက်ပံ့ပေးခဲ့ပါတယ်။ ရေလုပ်သားတွေကို လှေတို့၊ စက်တို့၊ ပိုက်တို့ ထောက်ပံ့ပေးပြီး လယ်သမားဆိုရင်လည်း မျိုးစပါးကအစ၊ ထွန်စက်အဆုံး ထောက်ပံ့ပေးထားတဲ့အတွက် အခုဆို ခါတိုင်းလို ရပ်တည်နိုင်ပါပြီ။ လုပ်ငန်းတွေက ပုံမှန်ပြန်ဖြစ်နေပါပြီ။

ဤသည်မှာ နိုင်ငံတော်နှင့် ပြည်တွင်း၊ ပြည်ပ အဖွဲ့အစည်းများ၏ မှန်ကန်သော စေတနာ လုပ်ရပ်မှ တစ်ဆင့် ရောင်ပြန်ဟပ်ကာထွက်ပေါ်လာခဲ့သော ပြည်သူတို့၏ ပကတိအခြေအနေမှန်၊ ပကတိ အသံတို့သာဖြစ်ပေသည်။ အခြေအနေအရပ်ရပ်ကြောင့် လူအများတွင် တစ်ဦးတစ်ယောက် အဆင်မပြေမှုကို ပုံကြီးချဲ့၍ လူအားလုံးအဆင်မပြေသယောင် ပြောဆိုတတ်ကြသည့် အဆိုးမြင်ဝါဒီတို့၏ အဆိုးမြင်လေသံများသည် ဆပ်ပြာပူဖောင်းပမာ နေလာလျှင် နှင်းပျောက်ရသကဲ့သို့ တဖြည်းဖြည်း ကွယ်ပျောက်သွားမည်မှာ ဧကန်ပင် ဖြစ်ပါတော့သည်။



ဆန်စက်များ
ပြန်လည်
ကြိတ်ခွဲ

**လပွတ္တာမြို့နယ်ရှိ ဆန်စက်များ ပြန်လည် ကြိတ်ခွဲလျက်ရှိသည်ကို တွေ့ရစဉ်။**

# မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ကြီးကြပ်အဆင့်ဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေး သင်တန်းဖွင့်ပွဲကျင်းပ

**ရန်ကုန် အောက်တိုဘာ ၂၁**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်(ရုံးချုပ်)က ကြီးမှူးဖွင့်လှစ်သည့် ကြီးကြပ်အဆင့်ဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးသင်တန်း အမှတ်စဉ်(၁/၂၀၀၈)ဖွင့်ပွဲကို အောက်တိုဘာ ၂၁ ရက် နံနက် ၁၀ နာရီခွဲတွင် ရန်ကုန်မြို့ လသာလမ်းရှိ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် (ရုံးချုပ်) အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးတင်လွှမ်းက အမှာစကား ပြောကြားသည်။

အဆိုပါသင်တန်းသို့ ဒုတိယကြီးကြပ်ရေးမှူး၄၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တငါးပတ် ကြာမြင့်မည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)





**မြန်မာ့ လယ်ယာ ဖွံ့ဖြိုးရေးဘဏ်(ရုံးချုပ်)က ကြီးမှူးဖွင့်လှစ်သည့် ကြီးကြပ်အဆင့် ဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားရေးသင်တန်း အမှတ်စဉ် (၁/၂၀၀၈)ဖွင့်ပွဲတွင်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးတင်လွှမ်း အမှာစကားပြောကြားစဉ်။**
(သတင်းစဉ်)

# ငွေကျပ် ၁၀၀ တန် ထီဖွင့်ပွဲ နိုဝင်ဘာ ၁ ရက်တွင် ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၂၁**

(၂၃၈)ကြိမ်မြောက် ငွေကျပ် ၁၀၀ တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲကို အောင်ဘာလေသိန်းဆုဌာနခွဲတည်ရှိရာ အမှတ်(၃၈၄)မဟာဗန္ဓုလလမ်းနှင့် (၃၇)လမ်းထောင့် ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ရှိ ထီဖွင့်ပွဲခန်းမဆောင်၌ နိုဝင်ဘာ၁ရက် (စနေနေ့) နံနက် ၈ နာရီမှ စတင်၍ ညနေ၄နာရီထိ တစ်ရက်တည်းဖြင့် အပြီးဖွင့်လှစ်မည်ဖြစ်သည်။

တန်ဖိုးအလိုက်ဆုမဲများမှာ ငွေကျပ်သိန်း ၅၀၀ တစ်ဆု၊ ငွေကျပ်သိန်း ၃၀၀ဆု နှစ်ဆု၊ ငွေကျပ်သိန်း ၂၀၀ လေးဆု၊ ငွေကျပ်သိန်း ၁၀၀ (၃၈)ဆု၊ ငွေကျပ် ၁၀သိန်းဆု ၆၃၀၊ ငွေကျပ် ငါးသိန်း ၂၁ ဆု၊ ငွေကျပ် လေးသိန်း ၂၅ ဆု၊ ငွေကျပ်နှစ်သိန်း ၂၀၄ဆု၊ ငွေကျပ် တစ်သိန်းဆု ၁၆၂၀၊ ငွေကျပ်ရှစ်သောင်း ၆၅ ဆု၊ ငွေကျပ်လေးသောင်း ၁၀၁ ဆု၊ ငွေကျပ်နှစ်သောင်း ၁၆၇၃၆ ဆု စုစုပေါင်း ၁၉၄၄၇ ဆု ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

**ဇီဝမျိုးစုံမျိုးကွဲတွေ ကြွယ်စေဖို့**
**သဘာဝတောတွေ ထိန်းသိမ်းစို့**

# တတိယအကြိမ် ဂရင်းရွိုင်ရယ် ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ အသင်းကောင်းများပါဝင်၍ ယခင်အကြိမ်များထက် အဆင့်မြင့်မည်

**သတင်း-စိုးညွန့်(ကြေးမုံ)**

ရန်ကုန် အောက်တိုဘာ ၂၁

**မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ကြီးမှူး၍ International Beverages Trading Co., Ltd.(IBTC)၏ ထုတ်ကုန်တစ်ခုဖြစ်သော Grand Royal ၏ အဓိကပံ့ပိုးကူညီမှုဖြင့် တတိယအကြိမ် Grand Royal Challenge Cup 2008 ဘောလုံးပြိုင်ပွဲကို နိုဝင်ဘာ ၁၁ရက်မှ ၂၁ရက်အထိ ရန်ကုန်မြို့ သုဝဏ္ဏဘောလုံးကွင်း၌ ကျင်းပမည်ဖြစ်သည်။**

ယခု တတိယအကြိမ် Grand Royal Challenge Cup 2008 ဘောလုံးပြိုင်ပွဲကို အိမ်ရှင် မြန်မာ့လက်ရွေးစင်အသင်း၊ အင်ဒိုနီးရှား လက်ရွေးစင်အသင်း၊ တောင်ကိုရီးယားကလပ် အူလ်ဆန်ဟွန်ဒိုင်းအသင်း၊ မလေးရှား လက်ရွေးစင်အသင်း၊ ဗီယက်နမ်အိုလံပစ်အသင်းနှင့် ဘင်္ဂလားဒေ့ရှ်လက်ရွေးစင်အသင်းတို့ ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး ယခင်နှစ်များထက် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရန် စီစဉ်ဆောင်ရွက်နေကြောင်း သိရသည်။ ယခု တတိယအကြိမ် Grand Royal Challenge Cup 2008 ဘောလုံးပြိုင်ပွဲကို အုပ်စုနှစ်စုခွဲ၍ ကျင်းပမည်ဖြစ်ပြီး (က)အုပ်စုတွင် မြန်မာ၊ အင်ဒိုနီးရှား၊ ဘင်္ဂလားဒေ့ရှ်၊ (ခ)အုပ်စုတွင် မလေးရှား၊ အူလ်ဆန်ဟွန်ဒိုင်းနှင့် ဗီယက်နမ်တို့ ပါဝင်နေကြသည်။ အုပ်စုပွဲစဉ်များကို တစ်ရက်တစ်ပွဲနှုန်းဖြင့် ကျင်းပသွားမည်ဖြစ်ပြီး မြန်မာအသင်းမှာ နိုဝင်ဘာ ၁၁ ရက်တွင် ဘင်္ဂလားဒေ့ရှ် လက်ရွေးစင်အသင်း၊ ၁၅ ရက်တွင် အင်ဒိုနီးရှား လက်ရွေးစင်အသင်းတို့နှင့် ကစားရမည်ဖြစ်သည်။

တတိယအကြိမ် Grand Royal Challenge Cup 2008 ဘောလုံးပြိုင်ပွဲသည် ယခင် နှစ်ကြိမ်ထက် ပြိုင်ပွဲအဆင့်အတန်း ပိုမိုမြင့်မားလာပြီး ပြိုင်ပွဲဝင်ကြမည့် အသင်းများမှာလည်း အသင်းကောင်းများဖြစ်ကြ၍ အကြိတ်အနယ်ရှိသည့် ဘောလုံးပွဲများကို မြန်မာဘောလုံးပရိသတ်များ ကြည့်ရှုခွင့်ရတော့မည်ဖြစ်သည်။ ဆုကြေးများကို ယခင်နှစ်များကဲ့သို့ပင် ပထမဆုရအသင်းအား အမေရိကန်ဒေါ်လာ ၁၅၀၀၀ နှင့် ဆုဖလား၊ ဒုတိယဆုရအသင်းအား အမေရိကန်ဒေါ်လာ ၇၅၀၀ချီးမြှင့်မည်ဖြစ်သည်။ ထို့ပြင် ပွဲစဉ်အလိုက် အကောင်းဆုံးဆုများ၊ ပွဲစဉ်တစ်လျှောက် အကောင်းဆုံး ဘောလုံးသမားဆုနှင့် ဂိုးသွင်းအများဆုံးဆုများကိုလည်း ပေးအပ်ချီးမြှင့်သွားမည်ဖြစ်သည်။ ။

### Grand Royal Challenge Cup 2008 ဘောလုံးပြိုင်ပွဲ ပွဲစဉ်ဇယား

| (က)အုပ်စု | (ခ)အုပ်စု |
|---|---|
| မြန်မာ | ဗီယက်နမ် |
| ဘင်္ဂလားဒေ့ရှ် | အူလ်ဆန်ဟွန်ဒိုင်း |
| အင်ဒိုနီးရှား | မလေးရှား |

| | | | | |
|---|---|---|---|---|
| ၁၁-၁၁-၂၀၀၈ | မြန်မာ | - ဘင်္ဂလားဒေ့ရှ် | ၃နာရီခွဲ | သုဝဏ္ဏာကွင်း |
| ၁၂-၁၁-၂၀၀၈ | ဗီယက်နမ် | - မလေးရှား | ၃နာရီခွဲ | ။ |
| ၁၃-၁၁-၂၀၀၈ | ဘင်္ဂလားဒေ့ရှ် | - အင်ဒိုနီးရှား | ။ | ။ |
| ၁၄-၁၁-၂၀၀၈ | မလေးရှား | - အူလ်ဆန်ဟွန်ဒိုင်း | ။ | ။ |
| ၁၅-၁၁-၂၀၀၈ | အင်ဒိုနီးရှား | - မြန်မာ | ။ | ။ |
| ၁၆-၁၁-၂၀၀၈ | အူလ်ဆန်ဟွန်ဒိုင်း | - ဗီယက်နမ် | ။ | ။ |
| ၁၈-၁၁-၂၀၀၈ | ပထမအကြိုဗိုလ်လုပွဲ | | ၃နာရီ | သုဝဏ္ဏာကွင်း |
| ၁၉-၁၁-၂၀၀၈ | ဒုတိယအကြိုဗိုလ်လုပွဲ | | ။ | ။ |
| ၂၁-၁၁-၂၀၀၈ | ဗိုလ်လုပွဲ | | ။ | ။ |

(ကြေးမုံ)

# ဘာစီလိုနာ၊ အင်တာမီလန်နှင့် ချယ်လ်ဆီးတို့ ရလဒ်ကောင်းများရရှိနိုင်သည့် ချန်ပီယံလိဂ်အုပ်စုပွဲစဉ်(၃)ဒုတိယနေ့ပွဲစဉ်များ

## အောက်တိုဘာ ၂၃ ရက် (ကြာသပတေးနေ့) နံနက် ၁း၁၅ နာရီ

**ချန်ပီယံလိဂ်အုပ်စုပွဲစဉ်(၃) ဒုတိယနေ့ပွဲစဉ်များတွင် ချယ်လ်ဆီးနှင့် ရိုးမား၊ အက်သလက်တီကိုနှင့် လီဗာပူး၊ PSVနှင့် မာဆေးလ်တို့ကဲ့သို့သော ခြေရည်တူပွဲများ ပါဝင်နေပါတယ်။ အုပ်စုဗိုလ်များဖြစ်တဲ့ ချယ်လ်ဆီး၊ အင်တာမီလန်နဲ့ ဘာစီလိုနာတို့ရလဒ်ကောင်းများရရှိနိုင်ပြီး အက်သလက်တီကိုကတော့ အိမ်ကွင်းမှာ အမှတ်ရရှိရေးအတွက် ခြေကုန်ထုတ်ကစားရမှာပါ။**

**အုပ်စု(က)**

**ချယ်လ်ဆီး-ရိုးမား။ ။** အိမ်ရှင်ချယ်လ်ဆီးတို့လူမစုံပေမယ့် ခြေစွမ်းက ကျမသွားပါဘူး။ ရစ်သမ်မှန်နေဆဲဖြစ်ပါတယ်။ ဧည့်သည် စပယ်လက်တီရဲ့ ရိုးမားခြေက ဒီနှစ်မှာ အကောင်းကြီး မဟုတ်ဘူး။ ဒါကြောင့် သာမန်ခြေစွမ်းသာရှိတဲ့ ရိုးမားကို အိမ်ကွင်းရှုံးပွဲမရှိ စံချိန်တင်ထားတဲ့ ချယ်လ်ဆီးတို့ အနိုင်ယူပြသွားဦးမှာပါ။

**ဘော်ဒိုး-ကလုချ်။ ။** အိမ်ရှင် ပြင်သစ်ကလပ် ဘော်ဒိုးတို့ နိုင်ပွဲလုံးဝ မရှိသေးပါဘူး။ ရိုမေးနီးယားကလပ် ကလုချ်ကတော့ နှစ်ပွဲကစားလေးမှတ်ရကာ ချယ်လ်ဆီးနဲ့ အမှတ်တူနေပါတယ်။ ရိုးမားကို အဝေးကွင်းမှာ အနိုင်ကစားပြီး ချယ်လ်ဆီးကို အိမ်ကွင်းမှာ သရေကစားနိုင်ခဲ့တဲ့ ကလုချ်ရဲ့ ခြေစွမ်းက အထင်ကြီးလေးစားစရာပါ။ ဒီပွဲမှာ ဘော်ဒိုးက အိမ်ရှင်ဆိုပေမယ့် ခြေစွမ်းက လုံးဝ အားရစရာမရှိတာကြောင့် အနိုင်ရလဒ်က ဧည့်သည် ကလုချ်ဘက်မှာပဲ ရှိနေပါတယ်။

**အုပ်စု(ခ)**

**အင်တာမီလန်-အနာသိုဆစ်။ ။** အင်တာမီလန်တို့ အုပ်စုဗိုလ်နဲ့ တက်ချင်တယ်ဆိုရင် ဒီပွဲကို အနိုင်ကစားထားဖို့ လိုပါလိမ့်မယ်။ ဆိုက်ပရပ်ကလပ် အနာသိုဆစ်ဟာ အသင်းငယ်လေးဆိုပေမယ့် အင်တာမီလန်နဲ့ အမှတ်တူနေပြီး အုပ်စုတက်ရေးမျှော်လင့်ချက်ရှိနေတာကြောင့် အိမ်ရှင်တို့ အကြိတ်အနယ်ကစားပြီးမှ သုံးမှတ်အပြည့် ရယူနိုင်မယ့် အနေအထားပါ။

**ပင်နာသီယာကော့စ်-ဝါဒါဘရီမင်။ ။** ဒီနှစ်သင်းရဲ့ခြေစွမ်းဟာ အနည်းငယ်ကွာခြားတယ်လို့ ဆိုရမှာပါ။ ဂရိကလပ် ပင်နာသီယာကော့စ်ရဲ့ ခြေစွမ်းက အတော်စိတ်ပျက်စရာကောင်းလှပါတယ်။ ဝါဒါဘရီမင်တို့ ဒီလိုပွဲမျိုးကို အနိုင်ကစားထားပါမှ အုပ်စုတက်ရေးမျှော်လင့်နိုင်မှာပါ။ ဝါဒါဘရီမင်တို့ ကပ်နိုင်ဖို့ရှိပါတယ်။

**အုပ်စု(ဂ)**

**ဘေဆယ်-ဘာစီလိုနာ။ ။** အသင်းငယ်လေး ဘေဆယ်ဟာ ဒီအုပ်စုမှာ အဖြည့်ခံသက်သက်လို့ ဆိုရမှာပါ။ နိုင်ပွဲလုံးဝမရှိသေးတဲ့ ဘေဆယ်တို့ အိမ်ကွင်းမှကစားရမှာဆိုပေမယ့် ခြေစွမ်းထက်တဲ့ ဘာစီလိုနာကို ဘယ်လိုမှ ယှဉ်နိုင်ဖွယ်ရာ မရှိပါဘူး။ ဘာစီလိုနာတို့ နိုင်ပွဲဆက်ဦးမှာပါ။

**ရှက်တာဒိုးနက် - စပို့တင်းလစ္စဘွန်း ။ ။** ခြေညီတဲ့ နှစ်သင်းဆုံတွေ့တဲ့ပွဲပါ။ တိုက်စစ်ပိုင်းမှာ အိမ်ရှင် ရှက်တာဒိုးနက်ထက် ဧည့်သည် စပို့တင်းလစ္စဘွန်းတို့က သာပါတယ်။ ဒါပေမယ့် ရှက်တာဒိုးနက်က အိမ်ရှင်ပရိသတ်အား ရှိတာကြောင့် သရေနဲ့သာ အဆုံးသတ်မယ့်ပွဲလို့ ယူဆချင်ပါတယ်။

**အုပ်စု(ဃ)**

**အက်သလက်တီကို - လီဗာပူး ။ ။** အက်သလက်တီကိုဟာ လာလီဂါမှာ နှစ်ပွဲဆက်တိုက် ရှုံးထားတာကြောင့် ခြေစွမ်းအနည်းငယ် ပြန်ကျသွားတယ်လို့ဆိုရမှာပါ။ လီဗာပူးကတော့ ပြိုင်ပွဲအရပ်ရပ်တိုင်းမှာ အိမ်ကွင်း၊ အဝေးကွင်းမရွေး ခြေစွမ်းပြနေပါတယ်။ ဒါကြောင့် ဒီပွဲမှာလည်း ဧည့်သည်လီဗာပူးတို့ မရှုံးနိုင်ပါဘူး။

**PSV - မာဆေးလ်။ ။** နိုင်ပွဲလုံးဝမရှိသေးတဲ့ နှစ်သင်း ဆုံတွေ့တဲ့ပွဲပါ။ဒီနှစ်သင်းဟာ ယူအီးအက်ဖ်အေသွားရရေးကိုပဲ ဦးတည်ပြီး ကစားရမယ့်အနေအထားကို ရောက်ရှိနေပါတယ်။ ခြေညီတဲ့ နှစ်သင်းဆုံတွေ့တဲ့ပွဲဖြစ်တာကြောင့် အပြန်အလှန်ထိုးဖောက်ကစားရင်း သရေကျဖို့များတဲ့ပွဲလို့ သုံးသပ်ချင်ပါတယ်။

**ဝင်းတင်(ကြေးမုံ)**

# မြို့နယ်ပေါင်းစုံ မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲ သန်လျင်၌ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၂၁**

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဖလားမြို့နယ်ပေါင်းစုံ မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲကို အောက်တိုဘာ ၂၅ရက်နှင့် ၂၆ရက်များတွင် နေ့စဉ်မွန်းတည့် ၁၂နာရီမှ စတင်၍သန်လျင်မြို့ သီဟဒီပခန်းမ၌ ကျင်းပမည်ဖြစ်ရာ လက်ဝှေ့အားကစားဝါသနာရှင်များ ကြွရောက်အားပေးကြည့်ရှုနိုင်ပြီး ဝင်ကြေးမှာ ငွေကျပ် ၂၀၀၀နှင့် ငွေကျပ် ၁၀၀၀ သတ်မှတ်ထားကြောင်းသိရသည်။ (၅၂၇)

# မြန်မာနိုင်ငံအောက်ပိုင်းဒေသများ လေထုမငြိမ်သက်မှုများဖြစ်ပေါ်နိုင်

ရန်ကုန် အောက်တိုဘာ ၂၁

**ယနေ့နံနက် ၉နာရီခွဲထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်**

လွန်ခဲ့သော၂၄နာရီအတွင်းက ကချင်ပြည်နယ်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး စစ်ကိုင်းတိုင်း၊ ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် နေရာကွက်ကျား၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မန္တလေးတိုင်း၊ မကွေးတိုင်းနှင့် ပဲခူးတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ကာ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် မန္တလေးတိုင်းတို့တွင် နေရာကွက်၍မိုးကြီးခဲ့ပါသည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** နေပြည်တော်(သပြေကုန်း)တွင် ၁ဒသမ၇၃လက်မ၊ နေပြည်တော်(ရေဆင်း)တွင် ၁ဒသမ၂၆လက်မ၊ ကျိုက္ခမီမြို့တွင် ၅ဒသမ၃၁လက်မ၊ ဂွမြို့တွင် ၃ဒသမ၃၅လက်မ၊ ပင်လောင်းမြို့တွင် ၂ဒသမ၉၁လက်မ၊ လွိုင်ကော်မြို့တွင် ၂ဒသမ၁၆လက်မ၊ မုဒုံမြို့နှင့် ပြင်ဦးလွင်မြို့တို့တွင် ၂ဒသမ၁၂လက်မစီ၊ မော်လမြိုင်မြို့တွင် ၂ဒသမ၀၅လက်မ၊ တောင်ငူ(လေကြောင်း)တွင် ၂ဒသမ၀၁လက်မ၊ သာယာဝတီမြို့နှင့် တောင်ကြီးမြို့တို့တွင် ၁ဒသမ၉၃လက်မစီ၊ ဘားအံမြို့တွင် ၁ဒသမ၅၀လက်မနှင့် အောင်လံမြို့တွင် ၁ဒသမ၄၆လက်မတို့ဖြစ်ကြသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။** ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းနှင့် အရှေ့တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

**အောက်တိုဘာ ၂၂ရက် ညနေထိခန့်မှန်းချက်။ ။** ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာကျဲကျဲ၊ ကရင်ပြည်နယ်၊ ကယားပြည်နယ်၊ မန္တလေးတိုင်း၊ ဧရာဝတီတိုင်း၊ ပဲခူးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာပြီး ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**မြန်မာ့ပင်လယ်ပြင်တွင်** လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။** မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် လေထုမငြိမ်သက်မှုများဖြစ်ပေါ်နိုင်သည်။

**နေပြည်တော်**နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

**ရန်ကုန်မြို့**နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

**မန္တလေးမြို့**နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ**

**အမြင့်ဆုံးအပူချိန်**

၃၄ဒသမ၈ ဒီဂရီစင်တီဂရိတ် (၉၅ ဒီဂရီဖာရင်ဟိုက်) ၂၀-၁၀-၂၀၀၈

**အနိမ့်ဆုံးအပူချိန်**

၂၁ဒသမ၂ ဒီဂရီစင်တီဂရိတ် (၇၀ ဒီဂရီဖာရင်ဟိုက်) ၂၁-၁၀-၂၀၀၈

၀၉း၃၀ နာရီအချိန် စိုထိုင်းဆ ၇၉ ရာခိုင်နှုန်း ၂၁-၁၀-၂၀၀၈

နေပူသည့်နာရီပေါင်း ၅ ဒသမ ၄နာရီခန့် ၂၀-၁၀-၂၀၀၈

# ဆေးခတ်ပြီး လက်ဝတ်ရတနာယူဆောင်သူများအား မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ဖော်ထုတ်ဖမ်းဆီးရမိ

**ရန်ကုန် အောက်တိုဘာ ၂၁**

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ဘုရင့်နောင်လမ်းမရှိ ပွိုင့် တည်းခိုခန်း၌ တည်းခိုနေသူတစ်ဦးထံမှ ငွေနှင့် ရွှေထည်ပစ္စည်းများကို အချိုရည်တွင် ဆေးခတ်တိုက်ကာ ယူဆောင်သွားသူများအား ဘုရင့်နောင်ရဲစခန်းမှ တပ်ဖွဲ့ဝင်များက နာရီပိုင်းအတွင်း ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ကြောင်းသိရသည်။

ဖြစ်ပွားပုံမှာ အောက်တိုဘာ ၁၈ရက် မွန်းလွဲ ၁၂နာရီခွဲတွင် မရမ်းကုန်းမြို့နယ် (၁)ရပ်ကွက် ဘုရင့်နောင်လမ်းမ အမှတ်(၃၄)တတိယထပ်တွင် ဖွင့်လှစ်ထားသည့် ပွိုင့် တည်းခိုခန်း အခန်းအမှတ်(၅)တွင် အမျိုးသားတစ်ဦးအား အမျိုးသမီးတစ်ဦးမှ အချိုရည်တွင် ဆေးခတ်တိုက်ပြီး သတိမေ့သွားစဉ် ၎င်းအမျိုးသားဝတ်ဆင်ထားသည့် ရွှေဆွဲကြိုး တစ်ကုံး၊ ရွှေလက်စွပ် တစ်ကွင်း၊ ငွေကျပ် ၃၈၀၀၀၀နှင့် အနက်ရောင် ကျောပိုးအိတ်တစ်လုံး စုစုပေါင်းတန်ဖိုး ငွေကျပ် ၂၁၉၂၅၀၀ကို ယူဆောင်ထွက်ပြေးသွားမှု ဖြစ်ပွားခဲ့သည်။

အဆိုပါသတင်းရလျှင်ရချင်း ဘုရင့်နောင်ရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် တရားခံဖမ်းဆီးရမိရေးအတွက် အဖွဲ့များခွဲကာ လိုက်လံရှာဖွေရာ ပြစ်မှုကျူးလွန်သူ ခွန်ပန်းနု (၂၂)နှစ် မြိုင်သာယာ(၂)လမ်း မြိုင်သာယာရပ်ကွက် မော်လမြိုင်မြို့၊ မခင်သန္တာဝင်း(၂၂)နှစ် ပတ္တမြားလမ်း ကမ်းနားအနောက်ရပ်ကွက် အင်းစိန်မြို့နယ်နှင့် မသန်းသန်းအေး(၂၈)နှစ်(လိပ်စာတူ)တို့အား မွန်းလွဲ ၁နာရီခွဲတွင် ဘုရင့်နောင်လမ်းမကြီးနှင့် အလောင်းဘုရားလမ်းထောင့်ရှိ ဓမ္မာရုံကားမှတ်တိုင်၌ သက်သေခံပစ္စည်း ရွှေဆွဲကြိုး တစ်ကုံး၊ ရွှေလက်စွပ် တစ်ကွင်း၊



ငွေကျပ် ၃၈၀၀၀၀နှင့် အနက်ရောင် ကျောပိုးအိတ်တို့ကို မူလအနေအထားနှင့် အတူ ဖမ်းဆီးရမိခဲ့သည်။

ပြစ်မှုကျူးလွန်သူ ခွန်ပန်းနုသည် အမျိုးသားတစ်ဦးဖြစ်သော်လည်း အမျိုးသမီးကဲ့သို့ ဝတ်စားဆင်ယင်ထားပြီး မခင်သန္တာဝင်းနှင့် မသန်းသန်းအေးတို့က ဆက်သွယ်ပေးသဖြင့် ခွန်ပန်းနုအား အမျိုးသမီးဟုထင်မှတ်ကာ တည်းခိုခန်းသို့ ခေါ်ဆောင်သွားစဉ် အချိုရည်ထဲ အိပ်ဆေးခတ်၍ ရွှေနှင့် ငွေများကို ယူဆောင်သွားခြင်းဖြစ်ကြောင်း သိရှိရသည်။

ပြစ်မှုကျူးလွန်သူ ခွန်ပန်းနု၊ မခင်သန္တာဝင်းနှင့် မသန်းသန်းအေး **(အပေါ်ပုံ)**တို့အား မရမ်းကုန်းမြို့နယ် ဘုရင့်နောင်ရဲစခန်းမှ(ပ) ၉၈၈/၀၈၊ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ- ၃၂၈ဖြင့် အမှုဖွင့်အရေးယူ စစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# “လူငယ်အားမာန်မိုးယံဆီသို့”ပြဇာတ်ပြိုင်ပွဲ၌ ကချင်ပြည်နယ် ကိုယ်စားပြုပြဇာတ်အဖွဲ့ ပါဝင်ယှဉ်ပြိုင်

နေပြည်တော် အောက်တိုဘာ ၂၁

(၁၆)ကြိမ်မြောက်မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ၏ “လူငယ်အားမာန် မိုးယံဆီသို့” ပြဇာတ်ပြိုင်ပွဲ၏ ဒသမမြောက်ပြိုင်ပွဲအစီအစဉ်ကို ယမန်နေ့ ည ၉ နာရီတွင် နေပြည်တော် ရေဆင်းတက္ကသိုလ်နယ်မြေရှိ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ဆက်လက်ကျင်းပရာ ကချင်ပြည်နယ် ကိုယ်စားပြု ပြဇာတ်အဖွဲ့က ကချင်ပြည်နယ်ရေခဲတောင် သဘာဝရှုခင်းပြကွက်များဖြင့် အနုပညာရသပြောင်မြောက်မြူးကြွဝေဆာစွာ ပြိုင်ပွဲဝင်သွားသည်။

အဆိုပါပြိုင်ပွဲသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အုန်းမြင့်နှင့် ဇနီးဒေါ်နုနုဆွေ၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးညွန့်၊ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်တင်ထွန်းအောင်၊ ပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီအတွင်းရေးမှူး အနုပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရန်နိုင်ဦးနှင့် လုပ်ငန်းကော်မတီဝင်များ၊ အကဲဖြတ်လုပ်ငန်း အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်များ၊ မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာကို ချစ်မြတ်နိုးကြသူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ကချင်ပြည်နယ် ကိုယ်စားပြု ပြဇာတ်အဖွဲ့တွင် အုပ်ချုပ်သူအဖြစ် ဦးမိုးညို၊ ဇာတ်ညွှန်းဒါရိုက်တာအဖြစ် ပေါက်ကျိုင်း၊ ခေါင်းဆောင်မင်းသား သိန်းစိုး၊ခေါင်းဆောင်မင်းသမီး စုမြတ်သီဂီ၊ပံ့ပိုးသူများအဖြစ် ဦးမောင်ချစ်နှင့် ဒေါ်စိန်စိန်မြင့်တို့အဖွဲ့၊ အောင်စိုးမိုးဆိုင်းအဖွဲ့တို့က ဇာတ်ပို့ဇာတ်ရံများနှင့် အတူပါဝင်ယှဉ်ပြိုင်ကြသည်။

ပြိုင်ပွဲတွင် ကချင်ပြည်နယ် မချမ်းဘောမြို့ အနီးရှိ ဖုန်ဂန်ရာဇီရေခဲတောင်ကြီးကို ဖခင်လက်ထက်တွင် မတက်ရောက်နိုင်ခဲ့သော်လည်း မိခင်နှင့် ဦးလေးဖြစ်သူတို့၏ တားမြစ်သည့်ကြားမှ “လူငယ်အားမာန်မိုးယံဆီသို့”ဆိုသည့် စိတ်ဓာတ်ဖြင့် တက်ရောက်နိုင်ခဲ့သည့် လူငယ်တစ်စု၏ အားမာန်ပြည့်ဝသော သရုပ်ဖော်ပြကွက်များကို ပြဇာတ်ပညာဖြင့် ယှဉ်ပြိုင်တင်ဆက်သွားသည်။

(သတင်းစဉ်)





## ပါဝင်ယှဉ်ပြိုင်

**(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ “လူငယ်အားမာန် မိုးယံဆီသို့” ပြဇာတ်ပြိုင်ပွဲ၌ ကချင်ပြည်နယ် ကိုယ်စားပြု ပြဇာတ်အဖွဲ့ ပါဝင်ယှဉ်ပြိုင်စဉ်။**

(သတင်းစဉ်)

# ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မင်းအောင်လှိုင် ပင်လောင်း-တုံဟုံးလမ်းသစ် ဖောက်လုပ်နေမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် အောက်တိုဘာ ၂၁

**ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မင်းအောင်လှိုင်သည် တာဝန်ရှိသူများ လိုက်ပါလျက်အောက်တိုဘာ ၂၀ ရက် မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ်(တောင်ပိုင်း)ပင်လောင်းမြို့သို့ မော်တော်ယာဉ်များဖြင့် ရောက်ရှိကြပြီး ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ရာပြည့်နှင့်အတူ ပင်လောင်း-တုံဟုံးလမ်းသစ်ဖောက်လုပ်နေသည့် မိုင်တိုင်(၃)နှင့်(၄)အကြား လုပ်ငန်းခွင်၌ ကျောက်ခင်း ကတ္တရာလောင်းနေမှု၊ လမ်းဘေးဝဲယာ ရေမြောင်းတူးဖော်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။**

အဆိုပါ ပင်လောင်း-တုံဟုံးလမ်းသည် ပင်လောင်း - နောင်တရား၊ ညောင်ရွှေမြို့နယ်အတွင်း တည်ရှိပြီး လမ်းအရှည်မှာ ပင်လောင်း (လွယ်ပြား)မှ တုံဟုံးအထိ ၁၆ မိုင် ၄ ဖာလုံရှိသည့်အနက် ၁၆ မိုင် ၁ ဖာလုံအထိ လုပ်ငန်းများ ဆောင်ရွက်ပြီးစီးသွားပြီဖြစ်ကြောင်း သိရသည်။

ထို့နောက် ဗိုလ်ချုပ်မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များသည် ညောင်ရွှေမြို့နယ် တိလောအုပ်စု ရွှေလင်ပန်းကျေးရွာတောင်သူဦးအောင်ကြိုင်၏ ကြံခင်းဆယ်ဧကစိုက်ပျိုးအောင်မြင်မှုကို ကြည့်ရှုစစ်ဆေးသည်။

တောင်သူဦးအောင်ကြိုင်၏အောင်မြင်ဖြစ်ထွန်းနေသည့် ဆယ်ဧက ကြံစိုက်ခင်းမှာ K-91/21056 နှင့် Phil-74164 ချက်ကြံ သီးနှံမျိုး ဖြစ်ပြီး ညောင်ရွှေမြို့နယ်၌ အဆိုပါ ကြံမျိုးဧက ၈၈၁၀ စိုက်ပျိုးထားကြောင်း သိရသည်။ ဆက်လက်၍ ဗိုလ်ချုပ်မင်းအောင်လှိုင်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် အေးသာယာစက်မှုဇုန်ရှိ တက်ချောင် အစာစပ်စက်ရုံ၌ အစာများ ရောစပ်နေမှု၊ အိတ်သွတ်နေမှု လုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

(သတင်းစဉ်)



ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မင်းအောင်လှိုင် ပင်လောင်း-တုံးဟုံး လမ်းသစ်ဖောက်လုပ်နေသည့် လုပ်ငန်းခွင်၌ ကျောက်ခင်းကတ္တရာလောင်းနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

# လပွတ္တာမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့် ကြည့်ရှုစစ်ဆေး

ရန်ကုန် အောက်တိုဘာ ၂၁

**နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်သည် အောက်တိုဘာ၁၉ရက်ညနေ၃နာရီတွင် လပွတ္တာမြို့ ဘုရင့်နောင် ရိပ်သာ၌ ကျင်းပသည့် လပွတ္တာမြို့နယ်အတွင်း ကျေးလက်အိမ်ရာဆောက်လုပ်ရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်သည်။**

ဝန်ကြီးသည် အောက်တိုဘာ၂၀ရက် နံနက်ပိုင်းတွင် လပွတ္တာမြို့နယ် ကညင်ကွင်းကျေးရွာသို့ ရောက်ရှိရာ ကျေးရွာရှင်းလင်းဆောင်၌ မြန်မာ့အလှုကုမ္ပဏီမှ အုပ်ချုပ်မှုဒါရိုက်တာ ဦးကျော်ခိုင်က ကညင်ကွင်းကျေးရွာ၌ တည်ဆောက်ပေးလျက်ရှိသော လူနေအိမ် ၇၁ လုံး တည်ဆောက်ပြီးစီးမှု အခြေအနေများကို တင်ပြသည်။

ထို့နောက်ဝန်ကြီးသည် ကညင်ကွင်းကျေးရွာတွင် ဆောက်လုပ်လျက်ရှိသော လူနေအိမ်များကို ကြည့်ရှုစစ်ဆေးပြီး လွှစာကျေးရွာ မူလတန်းကျောင်း၌ မြန်မာ့အလှုကုမ္ပဏီမှ တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် တွေ့ဆုံသည်။

ယင်းနောက် ဝန်ကြီးသည် မြန်မာ့အလှုကုမ္ပဏီမှ တည်ဆောက်လျက်ရှိသောအမြဲတမ်းလူနေအိမ်ရာ ၉၁လုံး တည်ဆောက်ပြီးစီးမှုအခြေအနေများ လိုက်လံကြည့်ရှုစစ်ဆေးပြီး လပွတ္တာမြို့သို့ ပြန်လည်ရောက်ရှိသည်။

ဆက်လက်၍ဝန်ကြီးသည်လပွတ္တာခရိုင်နှင့် မြို့နယ်တို့မှ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများနှင့် လူမှုရေး အသင်းအဖွဲ့ဝင်များအား လည်းကောင်း၊ လပွတ္တာမြို့နယ် အတွင်းရှိ ဆားလုပ်ငန်းရှင်များအား လည်းကောင်း တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)





**နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့် လပွတ္တာမြို့နယ် ကညင်ကွင်းကျေးရွာတွင် ဆောက်လုပ်လျက်ရှိသော လူနေအိမ်များကို ကြည့်ရှုစစ်ဆေးစဉ်။** (နယ်စပ်/စည်ပင်)

# ကွမ်းခြံကုန်းမြို့နယ် လေဘေးသင့်ဒေသ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ရန်ကုန် အောက်တိုဘာ ၂၁

**စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်လွန်းသီသည် အောက်တိုဘာ ၁၈ ရက်မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်း ကွမ်းခြံကုန်းမြို့ရှိ အရှေ့ကျောင်းကြီးတိုက်၌ နိုင်ငံတကာမှ အလှူရှင်များနှင့် ဆေးကုသရေးအဖွဲ့နှင့် အတူ ရောက်ရှိနေသော သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံမှ ဆရာတော်ကြီး Ven. Dr. Bodagama Chandima Thero နှင့် အဖွဲ့အား တွေ့ဆုံသည်။**

ယင်းနောက် ဝန်ကြီးသည် ကျောင်းဝင်းအတွင်းရှိ ဓမ္မဗိမာန်၌ နိုင်ငံတကာ ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများအား ဆေးကုသပေးနေမှု အခြေအနေကို လိုက်လံကြည့်ရှုအားပေးသည်။

အဆိုပါ ဆေးကုသရေးအဖွဲ့တွင် အဖွဲ့ဝင်စုစုပေါင်း ၃၅ ဦး ပါဝင်ပြီး အလှူရှင်များတွင် စင်ကာပူသမ္မတနိုင်ငံ၊ မလေးရှားနိုင်ငံ၊ သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံနှင့် ထိုင်းနိုင်ငံတို့မှ ပါဝင်ပြီး လေဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင် သီရိလင်္ကာဆရာတော်ကြီး ဦးဆောင်မှုဖြင့် တစ်တပ်တစ်အားပါဝင်ကူညီလှူဒါန်းလျက်ရှိသည်။ ထို့နောက် ဝန်ကြီးသည် ညနေပိုင်းတွင် ကွမ်းခြံကုန်းမြို့နယ် ကွပ်ကဲရေးစခန်း၌ ကျင်းပသော ကွမ်းခြံကုန်းမြို့နယ် လေဘေးသင့်ဒေသများပြန်လည်ထူထောင်ရေး လုပ်ငန်း ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက် မှာကြားပြီး တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းပေးသည်။

ဝန်ကြီးသည် အောက်တိုဘာ ၁၉ ရက် နံနက်ပိုင်းတွင် ကွမ်းခြံကုန်းမြို့ စံပြရပ်ကွက်၌ လေဘေးသင့် ပြည်သူများအတွက် အလှူရှင် တရုတ်ချိုကို ဗုဒ္ဓဘာသာ အသင်းမှ လှူဒါန်းပြီး ကျော်သာဆောက်လုပ်ရေး ကုမ္ပဏီက တာဝန်ယူတည်ဆောက်မည့် လူနေအိမ်နမူနာပုံစံကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီးအား အလှူရှင်တရုတ်ချိုကို ဗုဒ္ဓဘာသာအသင်းမှ တာဝန်ရှိသူများနှင့် တာဝန်ခံ အင်ဂျင်နီယာများက ဆောက်လုပ်လှူဒါန်းမည့် အိမ်နမူနာပုံစံနှင့် စပ်လျဉ်းသည်များကို တင်ပြရာ ဝန်ကြီးကယခုဆောက်လုပ်ပေးမည့် လူနေအိမ်များမှာ နောင်ဖြစ်ပေါ်လာနိုင်မည့် သဘာဝဘေးအန္တရာယ် ကင်းရှင်းရေးအတွက်ပါ ထည့်သွင်းစဉ်းစားရန်နှင့် ခိုင်ခံ့သပ်ရပ်စွာ တည်ဆောက်သွားရန် ညှိနှိုင်းမှာကြားပြီး နမူနာအိမ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်းသတင်းရရှိသည်။ (သတင်းစဉ်)

# အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး မြန်မာ့စီးပွားရေးဘဏ်(နေပြည်တော်)အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးချီးမြှင့်

နေပြည်တော် အောက်တိုဘာ ၂၁

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးသည် ယနေ့နံနက်စနာရီတွင် ကျင်းပသည့် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန မြန်မာ့စီးပွားရေးဘဏ်(နေပြည်တော်)အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးချီးမြှင့်သည်။**

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့်၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ပုဂ္ဂလိကဘဏ်များမှ ဥက္ကဋ္ဌများ၊ အမှုဆောင် ဒါရိုက်တာများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းနှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေတို့က မြန်မာ့စီးပွားရေးဘဏ်(နေပြည်တော်) အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးသည် မြန်မာ့စီးပွားရေးဘဏ် (နေပြည်တော်) အဆောက်အအုံသစ် ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးသည်။

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေးနှင့် ဝန်ကြီးများက ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြသည်။

ယင်းနောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် တိုင်းရင်းသား တိုင်းရင်းသူများ၊ ဝန်ထမ်းများနှင့်အတူ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ အတွင်းရေးမှူး(၁)သည် ဘင်ခရာနှင့် ပန်းဖွားအဖွဲ့ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့်အဖွဲ့ဝင်များသည် ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် ရွှေမိုး၊ငွေမိုးများကို ရွာသွန်းဖြိုးပေးကြသည်။

ယင်းနောက် အတွင်းရေးမှူး(၁)နှင့်အဖွဲ့ဝင်များသည် မြန်မာ့စီးပွားရေးဘဏ် အဆောက်အအုံသစ်နှင့် ဘဏ်လုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

ယခုဖွင့်လှစ်သည့် မြန်မာ့စီးပွားရေးဘဏ်(နေပြည်တော်)သည် ဘဏ်ဝန်ဆောင်မှု လုပ်ငန်းများအနေဖြင့် စာရင်းရှင်အပ်ငွေ လက်ခံခြင်း၊ ငွေစုဘဏ်အပ်ငွေလက်ခံခြင်း၊ ငွေစုလက်မှတ်ရောင်းချခြင်း၊ စာရင်းသေအပ်ငွေလက်ခံခြင်း၊ ချေးငွေများထုတ်ချေးခြင်း၊ ပြည်တွင်းငွေလွှဲလုပ်ငန်းနှင့် **စာမျက်နှာ ၇ ကော်လံ ၁ သို့** ❐






## လပွတ္တာမြို့နယ်အတွင်း လယ်ယာနှင့်ရေလုပ်ငန်းကဏ္ဍ အောင်မြင်ဖြစ်ထွန်းနေမှုတို့နှင့်စပ်လျဉ်း၍ ဒေသခံတို့၏ဖွင့်ဟပြောကြားချက်များ

သတင်းအင်တာဗျူး-မောင်မောင်ထွေး(သတင်းစဉ်) ဓာတ်ပုံ-လှမိုး(သတင်းစဉ်)

**ကျွန်တော်သည် အောက်တိုဘာလ ၁၆ ရက်နေ့မှ ၂၁ ရက်နေ့အထိ ဧရာဝတီတိုင်းအတွင်း လှည့်လည်၍ သတင်းများ စုဆောင်းရယူခဲ့သည်။ လပွတ္တာမြို့သို့ အောက်တိုဘာလ ၂၀ ရက်နေ့တွင် ရောက်ရှိခဲ့သည်။**

ဧရာဝတီတိုင်း လပွတ္တာမြို့နယ် ကျေးရွာများရှိ တောင်သူဦးကြီးများနှင့် ရေလုပ်သားကြီးများက ၎င်းတို့၏ လယ်ယာနှင့် ရေလုပ်ငန်းကဏ္ဍတို့တွင် **စာမျက်နှာ ၁၀ ကော်လံ ၁ သို့** ❁

**လပွတ္တာမြို့ ရွှေးမြစ်အတွင်း ငါး၊ ပုစွန်များ ဖမ်းဆီးနေသည့် မြင်ကွင်းကို တွေ့ရစဉ်။**



## ကြည့်ရှုစစ်ဆေး

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး မြန်မာ့စီးပွားရေးဘဏ်(နေပြည်တော်)အဆောက်အအုံသစ်အတွင်း ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)


*** ရင်သွေးငယ်များ ကျန်းမာဖို့ အကောင်းဆုံးသည် မိခင်နို့။**

*** မိခင်နို့ဖြင့် မလုံလောက်လျှင် နွားနို့၊ဆိတ်နို့ အသုံးဝင်။**

*** အစဉ်ကျို့ချက် တိုက်ကျွေးပေး အသင့်မြတ်ဆုံး ကျန်းမာရေး။**